ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့ (1-1-2013) (၇၃၅၂)

ကျွန်တော်တို့လူ့အဖွဲ့အစည်းအနေနဲ့ လွတ်လပ်ရေးရယူခဲ့စဉ်က စုစည်းနိုင်ခဲ့တဲ့ ညီညွတ်မှုအင်အားအတိုင်း နိုင်ငံသားတစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လက်တွဲလုပ်ဆောင်နိုင်မယ်ဆိုပါလျှင် ယခုကြုံတွေ့နေရတဲ့အပြောင်းအလဲတွေနဲ့ စိန်ခေါ်မှုတွေကို မလွဲမသွေ ကျော်လွှားနိုင်။

အနာဂတ်မှာကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့နေရာမှာ လက်တွေ့ကျမှုကိုအခြေခံပြီး အပြုသဘောဆောင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းအဖြေထုတ်တဲ့ နိုင်ငံရေးဓလေ့မျိုး၊ အစွန်းမရောက်သည့် အမြင်မျိုးဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ
မိဘပြည်သူများသို့
နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်
ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားသည့်
နှစ်သစ်ကူးမိန့်ခွန်း
(၁-၁-၂၀၁၃)

မိဘပြည်သူများခင်ဗျား-

ယခုလို နှစ်သစ်ကူးအခါသမယမှာ မိဘပြည်သူတစ်ရပ်လုံး ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းများနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ အခုလို ကျွန်တော့်အနေနဲ့ မိဘပြည်သူတို့ကို ရေဒီယိုကနေတစ်ဆင့် တိုက်ရိုက်စကားပြောဆိုခွင့်ရတဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။

ဒီလိုရေဒီယိုကနေတစ်ဆင့် ပြည်သူလူထုကြီးကို တိုက်ရိုက်ဆက်သွယ်ပြောကြားရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ လိုအပ်နေတဲ့ ကွက်လပ်တစ်ခုဖြစ်တဲ့ အစိုးရနဲ့ ပြည်သူအကြား တိုက်ရိုက်ဆက်ဆံရေးလမ်းကြောင်းသစ်တစ်ခုကို အစပြုလိုက်ခြင်းပဲဖြစ်ပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ဖို့အတွက် အရေးကြီးဆုံးလိုအပ်ချက်တစ်ခုဖြစ်တဲ့ အစိုးရနဲ့ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုကို ကျွန်တော်တို့ ပြန်လည်တည်ဆောက်သွားဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရသစ် တက်ရောက်လာတဲ့အချိန်ကစတင်ပြီး ပြည်သူလူထုနဲ့အစိုးရအကြား အပြန်အလှန် ဆက်သွယ်မှုကို ပိုမိုကောင်းမွန်လာစေဖို့၊ ပွင့်လင်းမြင်သာတဲ့ ဆက်သွယ်ရေးလမ်းကြောင်းများ ပေါ်ပေါက်လာစေဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အခါအခွင့်သင့်တိုင်း ကျွန်တော့်အနေနဲ့ ကျွန်တော်တို့အစိုးရရဲ့ မူဝါဒများ၊ လုပ်ဆောင်ချက်များကို မီဒီယာများကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သတင်းအချက်အလက် ပွင့်လင်းမြင်သာမှုအတွက်လည်း ကျွန်တော်အပါအဝင် ကျွန်တော်တို့အစိုးရအဖွဲ့ဝင် ဝန်ကြီးများအနေဖြင့်လည်း သတင်းစာရှင်းလင်းပွဲများပြုလုပ်ကျင်းပပြီး ပြည်သူလူထုထံသို့ သတင်းအချက်အလက်များ စီးဆင်းစေခဲ့ပါတယ်။ အခုလို မီဒီယာမျိုးစုံနဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ခေတ်ကာလမှာ ရေဒီယိုကိုအသုံးပြုတဲ့ ဆက်သွယ်ရေးနည်းလမ်းဟာ ထိရောက်မှုရှိနေသေးတဲ့အပြင် လက်ရှိမိမိတို့နိုင်ငံရဲ့ အခြေအနေနဲ့လည်း ကိုက်ညီမှုရှိပြီး တစ်နိုင်ငံလုံးက ပြည်သူအများစုအားထားရတဲ့ သတင်းဆက်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့အတွက် ရေဒီယိုမိန့်ခွန်းများ စတင်ပြောကြားရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ယခင်နှစ်အတွင်း ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များက ဖော်ဆောင်ပေးနိုင်ခဲ့တဲ့ နိုင်ငံရေး ဖြစ်ထွန်းတိုးတက်မှုများကြောင့် ပြည်သူတွေရဲ့မျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်စပြုခဲ့ပါတယ်။

အဲဒီလို အခြေအနေမျိုးမှာ မိဘပြည်သူများနဲ့ ကျွန်တော်တို့အစိုးရ အထူးသတိပြုရမယ့်ကိစ္စရပ်ကတော့ ပြည်သူတို့ရဲ့ လိုအပ်ချက်တွေနဲ့ အစိုးရယန္တရားရဲ့ဖြည့်ဆည်းနိုင်စွမ်းအကြားမှာရှိတဲ့ ကွာဟမှုပဲဖြစ်ပါတယ်။ ဒီကွာဟမှုကို နည်းနိုင်သမျှနည်းအောင် ကျွန်တော်တို့အစိုးရအနေနဲ့ ကြိုးစားရမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ယုံကြည်ထားပါတယ်။

ပွင့်လင်းလွတ်လပ်မှုများမရှိခဲ့ဘဲ အထီးကျန်ဆန်ခဲ့ရတဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ပြုပြင်စရာ၊ ပြောင်းလဲစရာတွေနဲ့ ပြည့်နှက်နေတာကို ကျွန်တော်တို့အားလုံး သိရှိကြပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလိုပြုပြင်ပြောင်းလဲရေးကာလမှာ အကောင်းဆုံးအခြေအနေကို မျှော်လင့်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ပိုမိုထိရောက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၂) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးညွန့်မောင်ရွှေကြိုက်...

ရှေးဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၂) ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒုတိယသမ္မတများက ဦးဆောင်စိစစ်တင်ပြလာသည့် ပြည်ထောင်စုဝန်ကြီးဌာနများ အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရအသုံးငွေစာရင်း လျာထားချက်များကို ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ဤအစည်းအဝေးကနေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိရာတွင် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၏ နှစ်စဉ် ဘဏ္ဍာငွေအရအသုံး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ကြေးမုံ စာ တည်း ရှု ထောင့် — ၁-၁-၂၀၁၃၊ အင်္ဂါနေ့

စိတ်သစ်၊ လူသစ်၊ နှစ်သစ်

၁၃၇၄ ခုနှစ် နတ်တော်လဆုတ် ၄ ရက်၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက် အင်္ဂါနေ့။

ယနေ့သည် ၂၀၁၂ ခုနှစ်ကုန်ဆုံး၍ ၂၀၁၃ ခုနှစ်သို့ စတင်ကူးပြောင်းရောက်ရှိသည့် မင်္ဂလာရှိသောနေ့တစ်နေ့ ဖြစ်ပေသည်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ စတင်ကူးပြောင်းရောက်ရှိသော အခါသမယတွင် နှစ်ဟောင်းမှ အတွေးအခေါ်၊ အယူအဆဟောင်းများကို စွန့်ပစ်၍ နှစ်သစ်တွင် အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်၊ အလုပ်အကိုင်သစ်များဖြင့် ကောင်းခြင်းမင်္ဂလာများနှင့် ဝေစည်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ယခုနှစ်သစ်သည် ယခင်နှင့်မတူ တစ်မူထူးကဲလှသည်။ ခေတ်ဟောင်း စနစ်ဟောင်းတို့ကို ချန်ထားရစ်၍ အများပြည်သူလိုလားတောင့်တသည့် ဒီမိုကရေစီခေတ်သစ်ကို ချီတက်နေဆဲ၊ အများပြည်သူတို့ အသိအမှတ်ပြု ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေဆဲကာလဖြစ်သည်။

ထိုသို့အကောင်အထည်ဖော်ရာတွင် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရသစ်သည် နိုင်ငံ့တာဝန်ကို စတင်ရယူပြီး တစ်နှစ်နှင့် ကိုးလတာကာလအတွင်းမှာပင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတာဝန်ကြီးကို ပထမအဆင့်အနေဖြင့် စတင်ပြောင်းလဲဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။

ဆက်လက်၍ ပြည်သူများ၏ စားဝတ်နေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ပြည်သူ့ဘဝလုံခြုံမှုနှင့် လူမှုစီးပွားရေးတိုးတက်မှုများအတွက် ပြည်သူဗဟိုပြု လူမှုစီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ပြုပြင်ပြောင်းလဲရေး ဒုတိယအဆင့်အဖြစ် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့မြင်နေရသည်။

တစ်ဆက်တည်းတွင် ယခုနှစ်အကုန် နှစ်သစ်သို့အကူး၌ အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ တတိယအဆင့်လုပ်ငန်းအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ထပ်မံကြားသိရပြန်သည်။

အစိုးရသစ်၏ တိုတောင်းလှသည့်ကာလအတွင်း နိုင်ငံတိုးတက်ရေး၊ ဒီမိုကရေစီ သရုပ်သဏ္ဍာန် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းအားထုတ်မှုများမှာ အပြောမဟုတ်ဘဲ လက်တွေ့ကျလှသည်။ ထင်ရှားသည့် လုပ်ဆောင်မှုများကို မြင်တွေ့လာရသောအခါ နိုင်ငံသားပြည်သူများသာမက နိုင်ငံတကာကပါ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်မှာ အမှန်ပင်ဖြစ်သည်။

ထိုကဲ့သို့ အဆင့်လိုက်ဆောင်ရွက်လျက်ရှိရာ၌ အချို့ကိစ္စရပ်များအပိုင်း၌ မပြီးပြတ်သေးဘဲဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ပြင်ဆင်ဆဲရှိနေကြောင်းလည်း သိရှိရသည်။ ခေတ်ဟောင်း၊ စနစ်ဟောင်းမှ ခေတ်သစ်၊ စနစ်သစ်သို့ ကူးပြောင်းရာတွင် တွေ့ကြုံရလေ့ရှိသည့် အတွေ့အကြုံနည်းပါးမှု၊ အပြောင်းအလဲအတွက် ပြင်ဆင်ချိန်လိုအပ်မှုနှင့် အခြားရင်ဆိုင်ဖြေရှင်းရသည့် အခက်အခဲများလည်း ရှိမည်ဖြစ်သည်။ ယင်းသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ညင်သာချောမွေ့ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရာ၌ ကြုံတွေ့ရတတ်သည့် သဘောသဘာဝပင်ဖြစ်သည်။

ယင်းအခြေအနေနှင့်ပတ်သက်၍ အချို့နေရာများ၌ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရ၏အင်္ဂါရပ်များ၊ အရည်အသွေးများ ချို့ယွင်းအားနည်းနေသေးသည်ကို တွေ့ရသည်ဟုလည်း နိုင်ငံတော်သမ္မတက ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားသွားခဲ့ပြီးဖြစ်သည်။

အားနည်းမှုဆိုသည်မှာ ပြည်သူများက လိုလားနှစ်သက်ခြင်းမရှိသည့် အခြေအနေများသာဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာ အောက်ခြေမှသည် အထက်အဆင့်ဆင့်အထိ ပြုပြင်ပြောင်းလဲသွားရန် လိုအပ်လာသည်မှာလည်း အမှန်ပင်ဖြစ်သည်။ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရာတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့်အညီ ပြည်သူ့ဝန်ကိုဆောင်ရာ၌ ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာ အတွေးအမြင်၊ အမူအကျင့်၊ လုပ်ပုံလုပ်နည်းများ ပြောင်းလဲလုပ်ဆောင်မှုနှင့် ယန္တရား၏ဖွဲ့စည်းတည်ဆောက်ပုံတို့ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းသည် လျော်ကန်သင့်မြတ်လှသော လုပ်ငန်းစဉ်များပင်ဖြစ်သည်။

ထို့ကြောင့် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသည့် အချိန်ကာလတွင် စစ်မှန်သည့် ဒီမိုကရေစီလုပ်ငန်းစဉ်များ အောင်မြင်စွာဖြစ်ထွန်းရေးအတွက် နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ အမြင်သစ်၊ အတွေးအခေါ်သစ်များဖြင့် အလုပ်အကိုင်သစ်များကို ဆက်လက်လုပ်ဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

ဖတ်စရာ မှတ်စရာ ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ ခင်မောင်ဌေး(ပညာရေး)

လွတ်လပ်ခြင်း၏အဓိပ္ပာယ်

မြန်မာတို့သည် ရှေးအတီတေကပင် ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ရိုးရာယဉ်ကျေးမှုဖြင့် ခိုင်ခိုင်မာမာနေထိုင်နိုင်ခဲ့သော လူမျိုးများဖြစ်ကြသည်။ ခေတ်အဆက်ဆက် ထွန်းကားခဲ့သော ပန်းချီပန်းပုအနုလက်ရာများ၊ အပြောက်အမွမ်းများ ရှုကြည့်ရခြင်းဖြင့်ပင် ယဉ်ကျေးမှုအဆင့်အတန်း မည်မျှမြင့်မားခဲ့ကြောင်း သိသာနိုင်ပါသည်။

မြန်မာတို့သည် ရိုးရာဝတ်စားဆင်ယင်မှုအားဖြင့်သော် လည်းကောင်း၊ အပြောအဆို အမူအရာ ပျူငှာယဉ်ကျေးခြင်းဖြင့်သော်လည်းကောင်း ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုရာ ချစ်စရာ ပါးကွက်ကျားဖြင့် ဝင့်ကြွားနိုင်ခဲ့သော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။

ခေတ်ရေစီးကြောင်း ဆိုသည်မှာ ရပ်တန့်မနေပါ။ အစဉ်အမြဲ တသွင်သွင် စီးဆင်းပြောင်းလဲနေမြဲ ဖြစ်ပါသည်။ မည်သို့သောအရာကမျှ ဟန့်တားပိတ်ဆို့ထား၍မရပါ။ ၂၁ ရာစုအိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာကြီးသည် ဂလိုဘယ်လိုက်ဇေးရှင်းဆိုသည့် ကမ္ဘာလုံးဆိုင်ရာ စီးမျောမှုဖြစ်စဉ်ကြီးထဲတွင် ပါဝင်လာကြသည်။ ကမ္ဘာကြီးကိုပင် ရွာငယ်အဖြစ် တင်စားကာ သတင်းခေတ်ကြီး ဖြစ်လာပါသည်။

တစ်ချိန်က အရှေ့အနောက်ဟူ၍ တစ်ကမ္ဘာခြားနေခဲ့ရသော်လည်း နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် စက္ကန့်မိနစ်မခြား ဖြစ်ထွန်းပေါ်ပေါက်မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ ယဉ်ကျေးမှုအနုစာပေများ တစ်မုဟုတ်ချင်း ပျံ့လွင့်လာနေတော့၏။ အင်တာနက်၊ အီးမေးလ်၊ ဖေ့စ်ဘွတ်၊ တွစ်တာစသည့် ဆက်သွယ်မှုကွန်ရက်စနစ်များကြောင့် အသိပညာ အတတ်ပညာသာမက နယ်ပယ်စုံ အလွယ်တကူ သိမြင်နိုးကြားလာကြတော့သည်။

လောကတွင် အကြောင်းအကျိုး အကောင်းအဆိုးဆိုသည်မှာ သီးခြားစီလာလေ့မရှိပေ။ အစဉ်အမြဲဒွန်တွဲလွန်ဆွဲနေသည့်သဘောရှိ၏။ ယူငင်သုံးစွဲသူတို့၏အပေါ်တွင် များစွာတည်မှီနေသည်မှာ အမှန်ပင်ဖြစ်သည်။

လွတ်လပ်သောခေတ်တွင် လူသားထုတစ်ရပ်လုံးအား သိအပ်မြင်အပ်ကြားအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ သိခွင့်ရ၍ အကျိုးများလှပါသည်။ ထို့အတူ တစ်ချိန်တည်းမှာပင် အတိုင်းအဆမရှိသော လွတ်လပ်ပွင့်လင်းမှုများကြောင့် အရုပ်ဆိုးအကျည်းတန်သော မြင်ကွင်းများ၊ လိင်မှုကိစ္စဆိုင်ရာပုံရိပ်များ၊ မယဉ်ကျေးသောသူတို့၏အပြုအမူများ၊ အညီအဟောက်ဇာတ်လမ်းများ၊ ပြကွက်များ၊ မဖွယ်မရာပုံရိပ်များ ပျံ့လွင့်၍လာနေသည်မှာ နှောင်းခေတ်လူငယ်များအတွက် မကောင်းလှပါ။

ဆရာကြီးတစ်ဦး(မြကေတုဟုထင်)က 'စု၊ တု၊ ပြု'အကြောင်း ပြောခဲ့ဖူးသည်။ 'တု'ဆိုသည်မှာ အတုယူခြင်းပင်ဖြစ်သည်။ အကြောင်းခြင်းရာတစ်ခုခုကို အတုယူ၍ ကိုယ်တိုင်ဖြစ်မြောက်အောင် ကြိုးစားလုပ်ဆောင်စေလို၍ မိန့်ဆိုခဲ့ခြင်းဖြစ်သည်။ အတုယူ၍ ပြုကျင့်ရန်ဖြစ်၍ အတုခိုးခြင်းနှင့် များစွာကွာခြား၏။ အတုခိုးခြင်းသည် မိမိ၏ပင်ကိုစိုက်ထုတ်ရသည့် စွမ်းရည်မပါဘဲ ပုံတူကူးချခြင်း (Carbon Copy) သာ ဖြစ်သည်။

ယနေ့ခေတ်ကြီးတွင် အတုယူ၍ ကြိုးစားမှုပြုခြင်းထက် အတုခိုးနေကြသည်က များ၏။ ထင်ရှားသော သာဓကမှာ မြန်မာနိုင်ငံတွင်သာမက အာရှတစ်လွှား ရေပန်းစားနေသည့် ကိုရီးယားရုပ်ရှင်ကားများပင် ဖြစ်သည်။ ယင်းရုပ်ရှင်ကားများ၏လွှမ်းမိုးမှု မည်မျှကူးစက်မှု မြန်ဆန်သနည်းဆိုမူ ရန်ကုန်မြို့အပါအဝင် မြို့ကြီးအချို့တွင် ငယ်ငယ်ရွယ်ရွယ်မှန်သမျှ (ယခုအခါ အလတ်ပိုင်း၊ အကြီးပိုင်းပါ) အတုခိုးဝတ်စားဆင်ယင်မှု ကြီးထွားလာနေခြင်းပင်ဖြစ်သည်။ အချို့နေရာများ (ပန်းခြံ၊ ရုပ်ရှင်ရုံ၊ စူပါမားကက်)တွင် ကိုရီးယားနိုင်ငံသူများအလားထင်မှတ်မှားရပါသည်။ စင်ကာပူမှ ပြန်လာသော မိတ်ဆွေတစ်ဦးကမူ စင်ကာပူမှာပင် ဤကဲ့သို့ ဝတ်စားဆင်ယင်မှုမျိုး သိပ်မတွေ့ရဘူးဟု ဆိုဖူးပါသည်။ (ရှိုးထုတ်ချိန်မရှိ၊ အလုပ်ချိန်အပြည့်)

စင်စစ် အတုယူခြင်းထက် အတုခိုးများနေသူ များပါသည်။ လူတိုင်းတွင် လွတ်လွတ်လပ်လပ် ဝတ်စားဆင်ယင်ပိုင်ခွင့် ရှိပါသည်။ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ပါသည်။ သို့သော် လွတ်လပ်မှုသည် အတိုင်းအဆရှိသင့်သည်။ လွတ်လပ်မှုသည် သူ့စည်းသူ့ကမ်းနှင့် ဖြစ်သင့်သည်။ ဗိုလ်ချုပ်ပြောခဲ့သကဲ့သို့ လမ်းမပေါ် ဆေးရိုးထွက်လှန်းခြင်းသည် လွတ်လပ်ခြင်း မမည်။ စည်းကမ်းမဲ့ခြင်းသာဖြစ်သည်။ ထို့အတူပင် မြန်မာမိန်းကလေးများ၏ ဝတ်စားဆင်ယင်မှုသည် မြန်မာဆန်၍ လုံခြုံစိတ်ချက္ကန္ဒြေရသော၊ အမြင်တင့်တယ်သော ဝတ်စားဆင်ယင်မှုဖြစ်သည်။ သို့သော် ရိုးရာဝတ်စားဆင်ယင်မှုကို စည်းကမ်းမဲ့သော၊ အတိုင်းအဆမရှိသော လွတ်လပ်မှုနှင့် ပေါင်းစပ်လိုက်သောအခါ ဟီရိဩတ္တပ္ပကင်းမဲ့သော လွတ်လပ်ခြင်း ဖြစ်သွားတော့၏။ တစ်နည်းအားဖြင့် လမ်းပေါ်ထွက်၍ ဆေးရိုးလှန်းပြနေကြခြင်းပင် ဖြစ်သည်။

ယင်းတို့၏ အကျိုးဆက်ရလဒ်အဖြစ် အဓမ္မအမှုအခင်းများ ပေါ်များလာခြင်းပင်ဖြစ်၏။ ဒုစရိုက်မှုများ ဖြစ်ပေါ်လာရန် လက်ယပ်ခေါ်နေသကဲ့သို့ဖြစ်၏။ မကြာသေးမီကပင် ဆွာဇီလန်နိုင်ငံတွင် စကတ်တိုများ၊ ဗိုက်သားပေါ်အင်္ကျီများ ဝတ်ဆင်ထားသည့် အမျိုးသမီးများကို ဖမ်းဆီးမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသွားသည်။ မလုံ့တလုံ ဝတ်စားဆင်ယင်ခြင်းကို တားမြစ်ပိတ်ပင်သည့် ၁၈၈၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြင့် ရဲတပ်ဖွဲ့က အရေးယူမည်ဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်၌ အေ့စ်ရောဂါ ပျံ့နှံ့လာခြင်းကို တားဆီးရန် ကြိုးစားသည့် အနေဖြင့် (၁၀)နှစ်နှင့်အထက် ကျောင်းသူများကို ဒူးအထိရှည်သော စကတ်များ ဝတ်ဆင်ရန် အစိုးရဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့သည်။ အမျိုးသမီးများသည် ၎င်းတို့၏ လျှို့ဝှက်အပ်သော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖော်ပြသည့်အဝတ်အစားများ မဝတ်ဆင်သင့်ဟု ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသွားကြောင်း ကြေးမုံတွင် ဖတ်ရ၏။

စင်စစ် စည်းကမ်းရှိသော လွတ်လပ်မှုသည် တန်ဖိုးကြီးမားလှပါသည်။ အတိုင်းအဆရှိသော လွတ်လပ်မှုသည် ဣန္ဒြေသိက္ခာ မြင့်မြတ်လှပါသည်။ မိမိတို့၏ တိုင်းဆ၍ စည်းကမ်းရှိသော လွတ်လပ်မှုသည် မိမိ၏ဂုဏ်ကျက်သရေကို အမှန်ပင် တိုးပွားစေနိုင်ပါသည်။ မိမိ၏ ဘဝလုံခြုံမှုကိုလည်း ပေးစွမ်းနိုင်သည့်အပြင် မိမိကိုယ်ကိုမိမိ ယုံကြည်မှုတိုးပွားစေခြင်း၊ ကိုယ်တိုင်ထိန်းသိမ်းခြင်းလည်း မည်ပါသည်။

ထို့ကြောင့် စည်းကမ်းရှိသော၊ အတိုင်းအဆရှိသော လွတ်လပ်မှုသည် လူတစ်ဦးချင်းစီအတွက် မဖြစ်မနေ လိုက်နာပြုမူအပ်သည့် ကျင့်စဉ်တစ်ခုပင် ဖြစ်သည်ဟု ဆိုချင်ပါတော့သည်။ ။

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

ကျန်းမာရေးဆိုင်ရာ သုတေသနပညာရပ် အဆင့်မြင့်တိုးတက်လာစေရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ သုတေသနပညာရှင်များ၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို တင်ပြခြင်းဖြင့် အသုံးပြုမည့်သူများ လက်ဝယ် သုတေသနရလဒ်ကောင်းများ ရောက်ရှိစေရန် ရည်ရွယ်၍ (၄၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် ကျန်းမာရေးဆိုင်ရာသုတေသနစာတမ်း (၈၈)စောင်ကိုဖတ်ကြား၍ ပိုစတာပြပွဲတွင် ပိုစတာ ၂၆ စောင် ပြသမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲ ၁၂ ခုကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများနှင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကဓာတ်ခွဲခန်းများ၊ ဆေးရုံများ၊ ဆေးခန်းများမှ ဆေးပစ္စည်းကိရိယာပြခန်းများ ပါဝင်ပြသမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မင်္ဂလာနှစ်သစ်ဆုတောင်း

Mobile King မှ အစဉ်တစိုက်ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များအားလုံး နှစ်သစ်မှ စ၍ နောင်နှစ်ပေါင်း တစ်ရာတိုင်အောင် မင်္ဂလာအပေါင်းနှင့် ခညောင်း၍ ကိုယ်ရောစိတ်ပါ ကျန်းမာ၊ ချမ်းသာကာ စီးပွားဥစ္စာများ တိုးပွားပြီး ပျော်ရွှင်ကြည်နူး ချမ်းမြေ့ကြပါစေလို့ Mobile King မိသားစုမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

MD နှင့် ဝန်ထမ်းများ
Mobile King Trading Co., Ltd.

လွတ်လပ်ပွင့်လင်းမှုရှိလာတဲ့အခြေအနေကို ရင့်ကျက်မှုရှိရှိနဲ့ တုံ့ပြန်နိုင်မှသာ တူညီတဲ့ရည်မှန်းချက် အရောက်လှမ်းနိုင်မှာဖြစ်

☆ **အနာဂတ်မှာကြုံတွေ့ရမယ့်မှ**

ပြည်သူတွေအနေနဲ့ အကောင်းဆုံးကို မျှော်လင့်တာဟာ သဘာဝကျတဲ့ကိစ္စဖြစ်ပါတယ်။ မျှော်လင့်ချက်တွေအတွက် ဆန္ဒထုတ်ဖော်တောင်းဆိုပိုင်ခွင့်လည်းရှိကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် အရေးကြီးဆုံးကတော့ အခုလက်ရှိ ဖော်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲမှုများကတစ်ဆင့် သေချာရေရာတဲ့ အနာဂတ်ဖြစ်အောင် တည်ဆောက်ရေးပဲဖြစ်ပါတယ်။ လွတ်လပ်ပွင့်လင်းမှုရှိလာတဲ့ အခြေအနေကို ရင့်ကျက်မှုရှိရှိနဲ့တုံ့ပြန်နိုင်မှသာ ကျွန်တော်တို့ရဲ့ တူညီတဲ့ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ အနာဂတ်မှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့နေရာမှာ လက်တွေ့ကျမှုကိုအခြေခံပြီး အပြုသဘောဆောင်တဲ့ ရှုမြင်မှုမျိုး၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းအဖြေထုတ်တဲ့ နိုင်ငံရေးဓလေ့မျိုး၊ အစွန်းမရောက်သည့် အမြင်မျိုးဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ယခင် ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာကပင် အံ့သြစရာကောင်းလောက်အောင် နိုင်ငံရေးဖြစ်ထွန်းမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့ နေ့စဉ်လူမှုစီးပွားဘဝကို မြှင့်တင်နိုင်ဖို့အတွက် လိုအပ်တဲ့ နိုင်ငံရေးစနစ်တစ်ခုကို ကျွန်တော်တို့ အတူအုတ်မြစ်ချနိုင်ခဲ့ပြီလို့လည်း ဆိုနိုင်ပါတယ်။ လာမယ့်နှစ်တွေမှာ အထွေထွေပြုပြင်ပြောင်းလဲမှုများရဲ့ အသီးအပွင့်တွေကို ပြည်သူတစ်ဦးချင်းစီ လက်တွေ့ခံစားခွင့်ရစေဖို့ "စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်"နဲ့ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ ရှေ့ဆက်ဆောင်ရွက်မယ့် ကိစ္စရပ်များနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ အစိုးရရဲ့ ရပ်တည်ချက်တွေ၊ လုပ်ဆောင်ချက်တွေကို ပြည်သူလူထုကြီးထံကို စဉ်ဆက်မပြတ် ပြောကြားပေးသွားမှာဖြစ်ပါတယ်။

မကြာမီကျရောက်တော့မယ့် လွတ်လပ်ရေးနေ့နဲ့ဆက်စပ်ပြီး ကျွန်တော်တွေးမိတဲ့ အကြောင်းအရာတစ်ခုကို ပြည်သူလူထုကြီးကို မျှဝေလိုပါတယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းအနေနဲ့ လွတ်လပ်ရေးရယူခဲ့စဉ်က စုစည်းနိုင်ခဲ့တဲ့ ညီညွတ်မှုအင်အားအတိုင်း နိုင်ငံသားတစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လက်တွဲလုပ်ဆောင်နိုင်မယ်ဆိုပါလျှင် ယခုကြုံတွေ့နေရတဲ့အပြောင်းအလဲတွေနဲ့ စိန်ခေါ်မှုတွေကို မလွဲမသွေ ကျော်လွှားနိုင်မယ်ဆိုတဲ့အတွေးပဲဖြစ်ပါတယ်။ ပြည်သူလူထုအများစုအနေနဲ့လည်း ကျွန်တော်နဲ့ တစ်သဘောတည်းရှိနေမယ်လို့ ယုံကြည်တဲ့အတွက် ကျွန်တော်တို့နဲ့အတူ လက်တွဲဆောင်ရွက်ဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူတစ်ရပ်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။

မကွေးမြို့ ကင်းရွာမှ နှစ်(၁၀၀)ကျော် ပြာသာဒ်ကျောင်းကြီး

မကွေး ဒီဇင်ဘာ ၃၁

မကွေးမြို့တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ "ကင်း" ရွာဟု သမိုင်းကြောင်းအရ စောလူးမင်းလက်ထက် ဧရာဝတီမြစ်ဘေး၌ "ကင်း"တပ်များ ချထားခဲ့သောကြောင့် "ကင်း" ရွာ ဟုခေါ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ကုန်းဘောင်ခေတ်တွင် အဆိုပါ ကင်းရွာသည် အိမ်ခြေ ၁၀၀ ခန့်ရှိသော ရွာကလေးဖြစ်လာသည်။ ကင်းရွာ၏တောင်ဘက်တွင် အုတ်ဖိုရွာရှိသည်။ ဘုရင့်စစ်သည်တော်များ ဘုရားကျောင်းကန်တည်ဆောက်ရန် အုတ်ဖုတ်ရင်းမှ တဖြည်းဖြည်းရွာဖြစ်လာသည်။ ယခုထက်တိုင် အုတ်ဖုတ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြသည်။ ကင်းရွာနှင့် အုတ်ဖိုရွာကြားတွင် နှစ်(၁၀၀)ကျော် သက်တမ်းရှိသည့် ရှေးဟောင်းဘုန်းကြီးကျောင်း တစ်ကျောင်းရှိသည်။ ပြာသာဒ်ကျောင်းဟု ခေါ်၏။ ကျောင်းပရိဝုဏ်သည် ငါးဧကခန့် ကျယ်သည်။ ထန်းပင်များ၊ မန်ကျည်းပင်ကြီးများဖြင့် အုပ်ဆိုင်းကာ အရိပ်အာဝါသကောင်း၏။ ကျေးငှက်တို့၏ သဘာဝကျူးရင့်သံများဖြင့်သာယာနာပျော်ဖွယ်ကောင်းလှ၏။ ပြာသာဒ်ကျောင်းသည် တိုင်အလုံးပေါင်း ၁၀၆ လုံးရှိပြီး အဆောင်လေးဆောင်ရှိရာ နှစ်ဆောင်မှာပြိုပျက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ မြန်မာဗိသုကာပညာရှင်များ၏ ဖွဲ့စည်းတည်ဆောက်ထားပုံမှာ သစ်ထွင်းပန်းပု ရုပ်လုံးရုပ်ကြွများနှင့် ခမ်းနားလှပေသည်။ ပြာသာဒ်ကျောင်းတော်ကြီးကို တောင်ဘက်သို့ မျက်နှာမူ၍ အရှေ့အရပ်သို့ ခေါင်းပြုကာ တည်ဆောက်ထား၏။ မူလတည်ဆောက်စဉ်က ပြာသာဒ်ဆောင်၊ ဓနုဆောင်၊ ခန်းမဆောင်နှင့် ဘောဂဆောင် ဟူ၍ ရှိခဲ့ရာ ယခုအခါ နှစ်ဆောင်မှာ ပျက်စီးသွားပြီဟု သိရသည်။ လှေကားများမှာ အုတ်လှေကားများဖြစ်၏။

သီပေါမင်းလက်ထက် ပထမဆရာတော် ဦးဝိသုဒ္ဓ ဆောက်လုပ်ခဲ့ကြောင်း ယခု

ကျောင်းထိုင်နေသော ဦးဝိသုတက အမိန့်ရှိသည်။ ဆရာတော်ကြီးငါးဆက် ကျောင်းထိုင်ခဲ့ကာ ပထမဆရာတော် ဦးဝိသုဒ္ဓ၊ ဒုတိယဆရာတော် ဦးပညာဓဇ၊ တတိယဆရာတော် ဦးပညာစာရ၊ စတုတ္ထဆရာတော် ဦးနေမိန္ဒနှင့် လက်ရှိ ဆရာတော် ဦးဝိသုတတို့ ဖြစ်ကြသည်။

ပထမဆရာတော်လက်ထက်ကတည်းက ကိုးကွယ်ခဲ့သော ရှေးဟောင်းကြေးဆင်းတု တစ်ဆူနှင့် ရှေးဟောင်းသိမ်ကြီးထဲရှိ စကျင်ကျောက်ရုပ်ပွားတော်တစ်ဆူအား ဖူးတွေ့ရသည်။

ထိုပြာသာဒ်ကျောင်းကြီးတွင် ၁၉၅၀ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အစိုးရမူလတန်းကျောင်းအဖြစ် စာသင်ခဲ့ပြီး ပထမဆုံး ကျောင်းအုပ်ဆရာကြီးမှာ ဆရာလှကြီးဆိုသူဖြစ်သည်။ ယခုအခါ ရှေးဟောင်းပြာသာဒ်ကျောင်းကြီးမှာ ယိုင်နဲ့လျက် အခင်း၊ အကာများ၊ အမိုးများ ဆွေးမြည့်ပေါက်ပြဲကာ လေပြင်းမုန်တိုင်းနှင့် ကြုံတွေ့ပါလျှင် ပြိုလဲသွားနိုင်သည့် အနေအထားတွင် ရှိနေသည်။ ရှေးဟောင်းအမွေအနှစ် မြန်မာ့ဗိသုကာများ ဆက်လက်ထိန်းသိမ်းထားဖို့ အထူးလိုအပ်လှပါသည်။ **(မကွေးလှမြင့်)**

ကြက်သွန်နှင့်မြေပဲ သီးညှပ်စိုက်ပျိုး ဝင်ငွေတိုး

ရေစကြို ဒီဇင်ဘာ ၃၁

ယခုအခါ အစိုးရသစ်လက်ထက်တွင် ထင်သာမြင်သာပြုပြင်ပြောင်းလဲ ဖြေလျှော့ပေးမှုအကျိုးများကြောင့် ကျေးလက်ဒေသနေ တောင်သူများသည် လုပ်သာကိုင်သာရှိလာကြသဖြင့် ဈေးကောင်းရ၊ ဈေးကွက်ဝင် ရာသီသီးနှံများကို သီးထပ်၊ သီးညှပ်စိုက်ပျိုး ဝင်ငွေတိုး အကျိုးများလျက်ရှိနေကြသည်။

ရေစကြိုမြို့နယ် သမန္တပို့ကျေးရွာမှ တောင်သူတစ်ဦးက ပြောပြရာတွင် "ယခင်က စီမံကိန်းသီးနှံတွေ စိုက်ပျိုးခဲ့ရတယ်၊ ရှူးလည်း စိုက်ရ၊ မြတ်လည်းစိုက်ရပေါ့ဗျာ၊ ကိုယ်စိုက်ချင်တာ မစိုက်ရဘူး၊ ခုတော့ လွတ်လွတ်လပ်လပ် ရွေးချယ်စိုက်ပျိုးထုတ်လုပ်နိုင်လို့ နိုင်ငံတော်အစိုးရကို အထူးပဲကျေးဇူးတင်ရပါတယ်"

"ကျွန်တော်က ကြက်သွန်နီနဲ့ ကုလားပဲသီးညှပ်စိုက်ပျိုးထားပါတယ်၊ ကြက်သွန်နီကို တော်သလင်းလမှာ စစိုက်ပါတယ်။ ကြက်သွန်စိုက်ပြီး တစ်လခွဲသာသာအရောက်မှာ မြေပဲကိုသီးညှပ်အဖြစ်စိုက်ပါတယ်။ အချို့ကလည်း ကုလားပဲစိုက်ကြပါတယ်။ ကြက်သွန်နီက နှစ်လခွဲလောက်ဆိုရင် ဖော်လို့ရပါတယ်။ ဒီနှစ် ကြက်သွန်နီအဖွင့်ဈေးက တစ်ပိဿာ ၁၁၀၀ ထိအမြင့်ဈေးပေါက်တယ်။ ဒါပေမယ့် ကျွန်တော်က ဖော်မရောင်းခဲ့ပါဘူး။ အပင်ကျအောင်သုံးလထိထားပြီးမှဖော်တာ၊ ခုတော့ ဥကကြီးတော့ အလေးချိန်ပိုတိုးတယ်။ အခုရက် ပေါက်ဈေးက တစ်ပိဿာ ၇၅၀/၈၀၀ ကျပ် ဖြစ်ပေမယ့်တိုးလာတဲ့ အလေးချိန်နဲ့ဆိုရင် တစ်ပိဿာ ၁၁၀၀ ဈေးရောင်းချရတာထက် ငွေပိုရတယ်။ နောက်ကြက်သွန်ကအထားခံတယ်၊ စားသုံးသူတွေ၊ သိုလှောင်ရောင်းချသူတွေအတွက် အကျိုးရှိပါတယ်၊ အခုဆိုကြက်သွန်နီဖော်ပြီးတာနဲ့ ကျွန်တော့်အခင်းက မြေပဲခင်းဖြစ်သွားပြီ။ အခုလို သီးညှပ်စိုက်တော့ ကြက်သွန်ကိုလောင်းတဲ့ရေ၊ ကျွေးတဲ့မြေသြဇာ၊ ဖျန်းတဲ့အားဆေးတွေကို မြေပဲကပါစားရတော့ မြေပဲအတွက်ထည့်ရတဲ့ သွင်းအားစုဖိုးသက်သာတဲ့အကျိုး၊ ကြက်သွန်ပင်က ကျန်တဲ့အရွက်အမြစ်တွေက မြေပဲအတွက်မြေသြဇာလည်းဖြစ်စေပါတယ်၊ ကြက်သွန်မျိုး ၁၂၅ ပိဿာ စိုက်ခဲ့တာ၊ အချိန် ၇၀၀ ကျော်လောက် ထွက်မှာပါ၊ ကျွန်တော်တို့ဒေသက တောင်သူအတော်များများက သီးညှပ်ကို ဝီရိယထားစိုက်ပျိုးကြတဲ့အတွက် ဝင်ငွေတိုး အကျိုးများလျက်ရှိနေပါတယ်" ဟု သူ့အတွေ့အကြုံ၊ စိုက်ပျိုးပုံ အကျိုးများပုံတို့ကို ပြောပြခဲ့သည်။

ဖေထွဏ်းဇော်(ရေစကြို)

ရွှေမြန်မာ လေကြောင်းလိုင်းသစ် ရန်ကုန်-မန္တလေးခရီးစဉ် ပြေးဆွဲမည်

မန္တလေး ဒီဇင်ဘာ ၃၁။ ရွှေမြန်မာလေကြောင်းလိုင်းသစ်သည် ခရီးသည် ၁၈၀ လိုက်ပါနိုင်သော Air Bus လေယာဉ်ဖြင့် ရန်ကုန်-မန္တလေး ခရီးစဉ်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှစ၍ ပြေးဆွဲရန်ပြင်ဆင်လျက်ရှိသည်။ ရန်ကုန်-မန္တလေး ခရီးစဉ်ကို နံနက် ၈ နာရီတွင် ရန်ကုန်မှထွက်ခွာပြီး နံနက် ၈ နာရီ ၄၅ မိနစ်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်မည်။ မန္တလေးမှ နံနက် ၉ နာရီခွဲတွင် ရန်ကုန်သို့ ပြန်လည်ထွက်ခွာမည်။ လေယာဉ်ခများကိုလည်း အများပြည်သူ စီးနင်းနိုင်ရန် စီစဉ်ထားသည်။ Class များ သတ်မှတ်ထားကာ အနိမ့်ဆုံးကျပ် နှစ်သောင်းခုနစ်ထောင်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ (မန္တလေး)

နှစ်သစ်မင်္ဂလာဆုမွန်လွှာ

Win & San စိန်တိုက်တွင် ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်သစ်များနှင့် ကမ္ဘာသူကမ္ဘာသားများအားလုံး "၂၀၁၃ ခုနှစ်၊ နှစ်သစ်မင်္ဂလာ"တွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာ, ချမ်းသာခြင်းနှင့်ပြည့်စုံ၍ စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုး တိုးတက်ကာ အမျိုးဘာသာ သာသနာအကျိုးကိုလည်း ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်း တောင်းအပ်ပါသည်။

Diamond and Fine Jewelly

ကိုဝင်းနိုင် + မစမ်းစမ်း

Win & San စိန်တိုက်မှ နှစ်သစ်မင်္ဂလာတွင် မိတ်ဟောင်းမိတ်သစ်များအတွက် ခေတ်မီဆန်းသစ်လှပသော စိန်ဖြူသန့်များဖြင့် ပြုလုပ်ထားသည့် စက်ထည်လက်ထည် ဒီဇိုင်းအသစ်အဆန်းများကို ဝယ်ယူအားပေးနိုင်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

Show Room (1) ❖ အမှတ် (၃၆-C)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ၁၀-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph : 502977, 504679 , 525257, 09-500-6685, 09-506-2773

Show Room (2) ❖ အမှတ် (၄၅)၊ အခန်း (၁၀၂)၊ မြေညီထပ်၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ Ph : 8600111 (Ext - 1027), 09-500-6683

အီဂျစ်မှဆောက်လုပ်ရေးပစ္စည်းများ ဂါဇာသို့ဝင်ရောက်

ကိုင်ရို ဒီဇင်ဘာ ၃၁

၂၀၀၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အီဂျစ်နိုင်ငံသည် ၎င်း၏ ပိုင်နက်နယ်မြေကို ဖြတ်သန်း၍ ဂါဇာကမ်းမြောင်ဒေသသို့ ဆောက်လုပ်ရေးပစ္စည်းများ တင်ပို့ခြင်းကို ခွင့်ပြုခဲ့ကြောင်း တနင်္ဂနွေနေ့သတင်းများတွင် ဖော်ပြသည်။

ပင်လယ်ကွေ့နိုင်ငံများက လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်း တန်ထောင်ပေါင်းများစွာကို သယ်ဆောင်လာသော ကားတန်းကြီးသည် ရာဖာနယ်စပ်ဒေသကို ဖြတ်ကျော်၍ ဂါဇာကမ်းမြောင်ဒေသသို့ စနေနေ့တွင် ဝင်ရောက်သွားခဲ့သည်။

ယခင်က အီဂျစ်နိုင်ငံသည် အစ္စရေးနိုင်ငံကသတ်မှတ်သော သွင်းကုန်ကန့်သတ်ချက်များကို လိုက်နာကျင့်သုံးခဲ့သည်။

လွန်ခဲ့သည့်လ၌ အစ္စလာမ့်စ်အုပ်စု ဟားမားစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ အစ္စရေးနိုင်ငံက ၎င်း၏သွင်းကုန်ပိတ်ဆို့မှုများကို ဖြေလျှော့ခဲ့သည်။

အီဂျစ်နိုင်ငံမှ ကုန်ပစ္စည်းများကို မြေအောက်ဥမင်လိုဏ်ခေါင်းများမှတစ်ဆင့် ဟားမားစ်တို့အုပ်ချုပ်သော ဂါဇာကမ်းမြောင်ဒေသသို့ တရားမဝင်တင်သွင်းကြသည်။

ကိုင်ရိုမြို့သို့ရောက်ရှိနေသည့် အစ္စရေးအရာရှိများနှင့် တိုင်ပင်ပြီးမှ အီဂျစ်က ယင်းသို့ ကုန်ပစ္စည်းများဖြတ်သန်းခြင်းကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်ဟု အီဂျစ်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးကို ကိုးကား၍ အေပီက ဖော်ပြခဲ့သည်။

ရာဖာနယ်စပ်ကို ကုန်တင်ယာဉ်တန်း ဖြတ်သန်းနေစဉ်။

ကူညီရန်

ဂါဇာ၌ပျက်စီးနေသည့် အိုးအိမ်များ၊ ကျောင်းများ၊ လမ်းများ ပြန်လည်တည်ဆောက်ရန်နှင့် ဆေးရုံတစ်ရုံ ဆောက်လုပ်ရန်အတွက် ဘဏ္ဍာငွေအဖြစ် ဒေါ်လာ သန်း ၄၀၀ ကူညီရန် ကာတာနိုင်ငံက ကတိကဝတ်ပြုထားသည်။

ဘီဘီစီ။

စပိန်ပိုင်စွမ်းအင်ကုမ္ပဏီများကို ဘိုလီးဗီးယားက နိုင်ငံပိုင်အဖြစ်သိမ်းဆည်း

လာပက်(ဇ်) ဒီဇင်ဘာ ၃၁

ဘိုလီးဗီးယားအစိုးရက စပိန်ပိုင်လျှပ်စစ်ထောက်ပံ့ရေးကုမ္ပဏီနှစ်ခုကို နိုင်ငံပိုင်အဖြစ်သိမ်းယူလိုက်ကြောင်း တနင်္ဂနွေနေ့သတင်းများတွင် ဖော်ပြသည်။

စပိန်ကုမ္ပဏီ အယ်လ်ဘာဒရိုလာ၏ လက်အောက်ခံကုမ္ပဏီခွဲများသည် ကျေးလက်ဒေသမှ လျှပ်စစ်မီးသုံးစွဲသူများကို သုံးစွဲခပိုမိုကောက်ခံသည်ဟု သမ္မတ အီဗိုမိုရေးက စွပ်စွဲသည်။

ကျေးလက်ပြည်သူများသည် မြို့သူမြို့သားများထက် ဓာတ်အားသုံးစွဲခသုံးဆ ပိုပေးနေရသည်ဟု မိုရေးက ပြောသည်။

ယခင်ကလည်း သမ္မတသည် ရေနံကုမ္ပဏီ၊ ဆက်သွယ်ရေးကုမ္ပဏီနှင့် စွမ်းအင်ထုတ်လုပ်သော ကုမ္ပဏီများကို ပြည်သူပိုင်သိမ်းယူခဲ့ပြီးဖြစ်သည်။

သမ္မတက ၎င်း၏အမိန့်သည် ဘိုလီးဗီးယားနိုင်ငံ အခြေခံဥပဒေနှင့်ညီညွတ်သည်ဟု ထပ်လောင်းပြောကြားခဲ့သည်။ ၎င်းအခြေခံဥပဒေတွင် ပုဂ္ဂလိကအကျိုးစီးပွား၏ အထက်တွင် ပြည်သူ့အကျိုးစီးပွားရှိသည်ဟု ပြဋ္ဌာန်းထားသည်။

အယ်လ်ဘာဒရိုလာကုမ္ပဏီသည် ၎င်းပိုင်ပစ္စည်းများအတွက် လျော်ကြေးငွေမည်မျှရရှိမည်ကို ခုံသမာဓိတစ်ဦးက ရက်ပေါင်း ၁၈၀ အတွင်း ဆုံးဖြတ်ပေးမည်ဟု မိုရေးက ပြောသည်။

ဘီဘီစီ

တိုက်ပွဲများအတွင်း ပျက်စီးနေသော ဟွန်း(စ်)မြို့၏ တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

သူပုန်ထိန်းချုပ်နယ်မြေ ဆီးရီးယားအစိုးရတပ်ဖွဲ့ ပြန်သိမ်း

ဒမတ်စကတ် ဒီဇင်ဘာ ၃၁

ရက်အတန်ကြာပြင်းထန်စွာတိုက်ခိုက်ကြပြီးနောက် ဟွန်း(စ်)မြို့၏ ဒီးယားဘောလ်ဘက်နယ်မြေမှ သူပုန်များကို ဆီးရီးယားအစိုးရတပ်ဖွဲ့က မောင်းထုတ်နိုင်ခဲ့ကြောင်း တနင်္ဂနွေနေ့သတင်းများတွင် ဖော်ပြသည်။

သတင်းများအရ စနေနေ့၌ ဆီးရီးယားနိုင်ငံတစ်ဝန်း သေဆုံးသူဦးရေမှာ ၄၀၀ အထိရှိသည်။ ဆီးရီးယားနိုင်ငံ၏ ၂၁ လကြာ ပဋိပက္ခတွင် မဟာဗျူဟာအရ အရေးပါသော ဟွန်း(စ်)မြို့၌ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့သည်။

ဒီးယားဘောလ်ဘက်၌နေပြည်သူများကို စုရုံး၍ ရေနံဓာတုစက်ရုံတစ်ရုံအတွင်းသို့ အဓမ္မဝင်ရောက်စေကာ အဆင်ခြင်ကင်းမဲ့စွာ သတ်ဖြတ်ခဲ့ကြောင်း ဆီးရီးယား အခြေစိုက်အတိုက်အခံအုပ်စု ပြည်တွင်းပေါင်းစည်းရေးကော်မတီ(အယ်လ်စီစီ)က ပြောကြားသည်။ သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်ကြောင်း အယ်လ်စီစီက ဆိုသည်။

ဘီဘီစီ။

ဖိတ်ကြားလွှာ

သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူ (Developer) အဖြစ် ဆောင်ရွက်ရန် မြန်မာ-ဂျပန် ဖက်စပ်အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းရန် ရှိပါသည်။ ယင်းအဖွဲ့အစည်းတွင် ပါဝင်နိုင်ရန်အတွက် မြန်မာဘက်မှ ရင်းနှီးမြှုပ်နှံလိုသူများ ပေါင်းစည်း၍ အများပိုင်ကုမ္ပဏီတစ်ခု တည်ထောင်မည်ဖြစ်ပါသည်။ ယင်းအများပိုင်ကုမ္ပဏီဖွဲ့စည်းရာတွင် ထင်သာမြင်သာရှိစေရေးနှင့် အားလုံးပါဝင်အကျိုးခံစားခွင့်ရရှိစေရေးဆွေးနွေးရန် ရည်ရွယ်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်းပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်အား အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများ တက်ရောက် ဆွေးနွေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ။ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

နေ့ရက်။ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၉ရက်

အချိန်။ နံနက် (၀၉း၀၀)နာရီ

SHINE Construction Co.,Ltd.
(Member Of Shine Group Of Companies)

၁။ အောက်ဖော်ပြပါလုပ်ငန်းများအတွက် ကျွမ်းကျင်Sub ကန်ထရိုက်တာ၊ကုမ္ပဏီ၊အဖွဲ့အစည်းများအလိုရှိသည်။
(က)ရေလုပ်ငန်း (ခ)မီးလုပ်ငန်း
(ဂ) Ceiling လုပ်ငန်း

၂။ လျှောက်လွှာများကို (၆-၁-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းများအား လုပ်ကိုင်ရန် လျှောက်ထားလိုသူများသည် မိမိတို့လုပ်ငန်းနှင့်ပတ်သက်ပြီးပစ္စည်းဈေးနှုန်းများကိုဖော်ပြပါအချက်များနှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ ထောက်ခံစာနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်လိပ်စာ
အမှတ်(၂၉)၊မြေညီထပ်၊ ချိုးဖြူလမ်း၊ချိုးဖြူတွန်ဒို၊
မင်္ဂလာတောင်ညွန့်မြို့နယ်။(အောင်ဆန်းကွင်း အထူးတန်းရှေ့)
Tel:951-243647, 385341~2, Ext; 202,207

သင့်ကျန်းမာရေးအတွက် အကောင်းဆုံးအရည်အသွေးပြည့်သောက်ရေသန့်

KTM PURIFIED R.O DRINKING WATER

နှစ်သစ်မင်္ဂလာဆုမွန်လွှာနှင့် ကျေးဇူးအထူးတင်ရှိခြင်း

(12-16, ဒီဇင်ဘာ 2012) နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် နေပြည်တော် ကုန်စည်ပြပွဲကြီးနှင့် ကားပြပွဲကြီး၌ KTM သောက်ရေသန့်အရောင်းပြခန်းကြီးတွင် တခဲနက်လာရောက်ကြည့်ရှုအားပေးဝယ်ယူကြသော နေပြည်တော်၊ ပျဉ်းမနား၊ ရပ်ဝေးရပ်နီးမှ မိဘပြည်သူများနှင့် မေတ္တာစေတနာသက်သက်ဖြင့် အမှတ်တရလက်မှတ်ရေးထိုးပေးခြင်း၊ မိဘပြည်သူများနှင့်အတူ အမှတ်တရဓါတ်ပုံရိုက်ခွင့်ပေးသော မော်ဒယ်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီစိုးပြည့်သဇင်၊ ကြော်ငြာမော်ဒယ် ဗီဒီယိုရုပ်ရှင်သရုပ်ဆောင် မေဂရေ့စ် တို့အားလည်းကောင်း (15-16, ဒီဇင်ဘာ 2012) ပြင်ဦးလွင်ပန်းပွဲတော်မှ မိဘပြည်သူများ၊ IC တီးဝိုင်းအဖွဲ့သားများ၊ HipHop Concert တေးဂီတ အဖွဲ့သားများအားလည်းကောင်း KTM သောက်ရေသန့်မိသားစုမှ အထူးပင်ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်အပ်ပါသည်။

နှစ်သစ်ကူးအခါသမယတွင် မိဘပြည်သူအပေါင်း ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာကြပြီး စီးပွားဥစ္စာများ ကြီးပွားတိုးတက်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

KTM သောက်ရေသန့် မိသားစု
Sawetaw Distribution Group

ဖတ်မှတ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

အဝလွန်ခြင်းသည် အသက်ကိုးလအရွယ်က စတင်နိုင်

အဝလွန်ရောဂါဖြစ်နိုင်ခြေသည် အသက်ကိုးလအရွယ်ကတည်းကပင် ဖြစ်ပွားနိုင်ကြောင်း အမေရိကန် ကလေးအထူးကုဆရာဝန်များကဆိုသည်။ ထို့ကြောင့် မိဘများအနေဖြင့် မိမိကိုယ်ကို ဂရုစိုက်သကဲ့သို့ ကလေးငယ်များကိုလည်း ဂရုစိုက်စောင့်ရှောက်ရန်လိုအပ်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ အသက်ကိုးလအရွယ်ကလေးတစ်ယောက်၏ခန္ဓာကိုယ်ဒြပ်ထုအညွှန်းကိန်းမှာ ၈၅ ရာခိုင်နှုန်းရှိပြီး အဝလွန်ရောဂါဖြစ်ပွားအောင် အားပေးစွမ်းဆောင်နိုင်ကြောင်း၊ ထို့ပြင် အဝလွန်ခြင်းမှာ ကိုယ်ဝန်ဆောင်မိခင်၌ ဖြစ်ပွားနေပါက မွေးဖွားလာသည့် ကလေးသည်လည်း ခန္ဓာကိုယ်အလေးချိန်ဆိုင်ရာ ပြဿနာများကြုံတွေ့နိုင်ကြောင်း ၊ သို့ဖြစ်၍အသက်ကိုးလအရွယ်ကလေးများ အဝလွန်ခြင်းမဖြစ်အောင် ကာကွယ်ရန်မှာ ၎င်းတို့အား ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်ခန့် အိမ်အပြင်ဘက်ပတ်ဝန်းကျင်၌ ဆော့ကစားစေခြင်း၊ အိပ်ချိန် ပုံမှန်ဖြစ်အောင် စီမံခြင်းနှင့် သကြားဓာတ်ပမာဏများသည့် အစားအသောက်များတိုက်ကျွေးခြင်းတို့ကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

လိင်ကျေးကျွန်အဖြစ်ခိုင်းစားသူဇနီးမောင်နှံ ဖမ်းဆီးခံရ

စပိန်နိုင်ငံ တော်ရီဗီဂျာပြည်နယ်မှ ဇနီးမောင်နှံနှစ်ဦးအား ဆယ်ကျော်သက်အရွယ် မိန်းမငယ်ကို လိင်ကျေးကျွန်အဖြစ် စေခိုင်းခဲ့မှုဖြင့် ဖမ်းဆီးခဲ့ကြောင်း စပိန်ရဲတပ်ဖွဲ့ကဆိုသည်။ အဆိုပါ ဇနီးမောင်နှံသည် အသက်(၁၃)နှစ်အရွယ် မိန်းကလေးအား လိင်ကျေးကျွန်အဖြစ် ခိုင်းစားမှုဖြင့် ထောင်ဒဏ်ခြောက်နှစ်စီနှင့် စေခိုင်းခံရသူ မိန်းကလေးအတွက် နစ်နာကြေး ၃၉၆၆၆ ဒေါ်လာပေးဆောင်ရမည်ဖြစ်သည်ဟု စပိန်သတင်းဌာနတစ်ခုက ဆိုသည်။ အဆိုပါ ဇနီးမောင်နှံ၏အမည်နာမကိုမူ ရဲတပ်ဖွဲ့က ပြောကြားခဲ့ခြင်းမရှိပေ။

အီတလီဆေးဘက်ဆိုင်ရာနိုဗယ်လ်ဆုရှင် ကွယ်လွန်

ဆဲလ်များ၏ ရှုပ်ထွေးနက်နဲမှုလျှို့ဝှက်ချက်ကို ဖော်ထုတ်ရာတွင် ကူညီလုပ်ဆောင်ခဲ့မှုဖြင့် ဆေးဘက်ဆိုင်ရာ နိုဗယ်လ်ဆုကို ဆွတ်ခူးခဲ့သည့် အီတလီနိုင်ငံသူ ရီတာလီဗီမွန်တဲလ်စီနီသည် ဒီဇင်ဘာ ၃၀ ရက်က ရောမမြို့၌ ကွယ်လွန်ခဲ့ကြောင်း ပြည်တွင်းသတင်းဌာနများက ထုတ်ပြန်ကြေညာခဲ့သည်။ ဦးနှောက်နှင့်အာရုံကြောပါရဂူ မွန်တဲလ်စီနီကွယ်လွန်ချိန်တွင် သူမ၏အသက်မှာ (၁၀၃)နှစ်ရှိပြီဖြစ်ပြီး နှစ် (၁၀၀) ပြည့်မွေးနေ့ကို လုပ်ရင်းကိုင်ရင်းဖြင့် ကျင်းပဆင်နွှဲခဲ့သည့်ပထမဆုံးသော နိုဗယ်လ်ဆုရှင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။ သူမသည် အဆိုပါနိုဗယ်လ်ဆုကို ၁၉၈၆ ခုနှစ်တွင် အမေရိကန်ဇီဝကမ္မပညာရှင် စတန်လီကိုဟန်နှင့် ပူးတွဲရရှိခဲ့ခြင်းဖြစ်သည်။ သူမသေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ ရောမမြို့တော်ဝန် ဂီယန်နီ အလီမန်နိုက လူသားတွေအတွက် အကြီးမားဆုံး ဆုံးရှုံးမှုတစ်ခုဖြစ်ကြောင်း ကြေကွဲဝမ်းနည်းစွာဖွင့်ဟပြောဆိုခဲ့သည်။

ပြင်သစ်၌ အလုပ်လက်မဲ့ဦးရေ ၃ ဒသမ ၁၃ မီလီယံထိရှိလာ

နိုဝင်ဘာလအတွင်း ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေ နှုန်းထားမှာ ၃ ဒသမ ၁၃ မီလီယံထိရှိလာခဲ့ပြီး ယင်းအခြေအနေသည် လွန်ခဲ့သည့် ၁၅ နှစ်တာကာလအတွင်း အမြင့်ဆုံးအနေအထားဖြစ်ကြောင်း ပြင်သစ်အမျိုးသားစစ်တမ်းကောက်သည့် အေဂျင်စီ (INSEE)က ထုတ်ပြန်ကြေညာခဲ့သည်။ နိုဝင်ဘာလအတွင်း အလုပ်အကိုင် ရှာဖွေမရသည့် လူဦးရေမှာ ၂၉၃၀၀ ရှိပြီး အောက်တိုဘာလနှင့် နှိုင်းစာလျှင် သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ယင်းအရေအတွက်တွင် အချိန်ပိုင်းအလုပ်သာလုပ်ကိုင်နေပြီး အချိန်ပြည့်အလုပ်ရှာဖွေနေရသူများ မပါဝင်သေးကြောင်း၊ ၎င်းတို့ကိုပါပေါင်းထည့်လိုက်မည်ဆိုပါက နိုင်ငံတစ်ဝန်း အလုပ်အကိုင်ရှာဖွေနေရသည့် အရေအတွက်မှာ ငါးသန်းခန့်ရှိကြောင်း INSEE က ဆိုသည်။

ဗြိတိန်၌ Norovirus ကူးစက်ခံရသူ တစ်သန်းထိရှိလာ

အစာအိမ်၏ လုပ်ဆောင်မှုကို ကမောက်ကမဖြစ်စေပြီး အော့အန်စေသည့် ဆောင်းရာသီကူးစက်ရောဂါ (Norovirus) ကူးစက်ပျံ့နှံ့မှုကြောင့် ဗြိတိန်၌ လူဦးရေ တစ်သန်းခန့် အဆိုပါရောဂါဖြစ်ပွားခံစားနေရကြောင်း အင်္ဂလန်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများကဆိုသည်။ ယင်းပမာဏသည် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၈၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ ကူးစက်မှုကို ကာကွယ်ရန်အတွက် ဆေးရုံများ၊ ကျောင်းများ၊ သူနာပြုအဆောက်အအုံများနှင့် လူထူထပ်သော နေရာများကို ရှောင်ရှားရမည်ဖြစ်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ သို့သော် ကျန်းမာရေး ကျွမ်းကျင်သူများ၏ အဆိုအရ ရောဂါဖြစ်ပွားသူအရေအတွက်မှာ ၁ ဒသမ ၀၂ မီလီယံရှိလာမည်ဟု သိရသည်။

ဟိန်းထက်လင်း➤ စုစည်းတင်ပြသည်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင်ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနို ရိုဒရီဂွဲဇ် ပါရီးလား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုး ရောင်းချမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ငွေကျပ် ၁၀၀ တန် နှစ်မျိုးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၁-၂၀၁၃ (အင်္ဂါနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်	၅း၂၅	"မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းကောင်းများ"
၇း၄၀	အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)	၅း၄၀	ရင်မှာစွဲထင်တေးအလှသံစဉ်
၇း၅၀	သံသာချိုအေးမင်္ဂလာတေး	၅း၅၀	(၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈း၀၀	"မြန်မာပြည်သားများအတွက် ထင်ရှားကျော်ကြားသူများရဲ့ နှစ်သစ်မင်္ဂလာဆုတောင်း"	၆း၂၀	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၄း၂၀	"ဖွားချစ်က တားမြစ်ထားသည်"	၆း၃၅	ဆိုလိုက်ကြစို့
၄း၄၅	အတီးပြိုင်ပွဲ	၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (ဒုတိယတွဲ) (အပိုင်း-၁၀)
၄း၅၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)	၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ
၅း၀၅	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ	၉း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားမြို့တော်" (အပိုင်း-၃၀) (ဇာတ်သိမ်း) -အိန္ဒိယရုပ်ရှင်" ဘဝထဲကအိပ်မက်" (အပိုင်း-၂)
၅း၁၅	ကြေးမုံရိပ်သွင်တေးနုယဉ်		

စံပြမီးပွိုင့်အနီး ယာဉ်ရှစ်စီး ဆင့်ကဲတိုက်မှုဖြစ်ပွား

ကမာရွတ် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၃၁ရက် နံနက် ၇ နာရီ မိနစ် ၅၀ခန့်က တညင်းကုန်း-ဆူးလေ ပြေးဆွဲလျက်ရှိသော (၂၂၆) အနောက်ပိုင်းခရိုင်မော်တော်ယာဉ်လိုင်းမှ ယာဉ်အမှတ် ၆ခ/-------- ခရီးသည်တင်ယာဉ်သည် တညင်းကုန်းမှ ဆူးလေသို့ မောင်းနှင်လာစဉ် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း စံပြမီးပွိုင့်အနီးတွင် အခြားယာဉ်ရှစ်စီးအား ဆင့်ကဲဝင်ရောက်တိုက်မိမှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**အဆိုပါဖြစ်စဉ်ကြောင့် အမျိုး သားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

ထင်ပေါ်ဝင်း (ကမာရွတ်)

Eastern Princess Travels & Tours
အဆင့်မြင့်မြင့်ခရီးသွားလိုသူများအတွက် . . .
♦ ဘန်ကောက် – ပတ္တရား – အယုဒ္ဓယ (၆ရက်) Jan : 18 (USD- 650)
♦ စင်ကာပူ – မလေးရှား (၆ ရက်) Jan : 25 (USD-1170)
ကုမ္ပဏီအဖွဲ့အစည်းများအတွက်အထူးခရီးစဉ်များကိုစိတ်တိုင်းကျစီစဉ်ဆောင်ရွက်ပေးပါမည်
No.(156/158), Room (104), 1st Floor, 34th Street, Kyauktada Tsp; Yangon.
Contact : 249739, 09-73161721

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပြီးသော
Mercury
TRAINING CENTRE
Workshop Skills သင်တန်း အပတ်စဉ်(၁)အောင်မြင်စွာဖွင့်လှစ်နိုင်မှုအတွက်ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်နှစ်သစ်မင်္ဂလာဆုတောင်းလွှာ
Mercury Training Centre ၏ Workshop Skills သင်တန်းအပတ်စဉ်(၁)ကို ၂၆.၁၂.၂၀၁၂ နေ့တွင် သင်တန်းသားများ၏ အောင်မြေဖြစ်သောဒေါ်ပုံသင်တန်းကျောင်း၌အောင်မြင်စွာဖွင့်လှစ်နိုင်ပြီး မျိုးဆက်သစ်အင်ဂျင်နီယာကျောင်းသားများအားမွေးထုတ်ပေးနိုင်မှုအပေါ်များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်နှစ်သစ်မှာမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။
- ဗိုလ်မှူးကြီးစိုးကြည် (ဆ.သ.ရ)(ငြိမ်း)
- ဒေဒဗက ကုမ္ပဏီလီမိတက်
- YSM MARINE SERVICES CO.,LTD.
- IDEAL MARINE SERVICES CO.,LTD.
- KOREA UNIVERSE MARINE CO.,LTD.
- LEO SHIPPING CO.,LTD.
- ASTRO OCEAN GROUP(PANAMA) OFFICE
- SEPAL MARINE SERVICES CO.,LTD.

ဒီမိုကရေစီနိုင်ငံသစ်နှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

(ယမန်နေ့မှအဆက်)

ဘုံအကျိုးစီးပွား ဆွေးနွေး

ဩဂုတ် ၁၉ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ၍ မတူကွဲပြားသော သဘောထားအမြင်များ ဘေးဖယ်ထားပြီး နိုင်ငံနှင့် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ပုဂ္ဂလိက ကဏ္ဍ

ယင်းနေ့မှာပင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ နိုင်ငံတော်သမ္မတက **"ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် စီးပွားရေး အဆောက်အအုံဟာ အကျင့်သိက္ခာရှိရှိ၊ တာဝန်ယူမှုရှိရှိနှင့် သင့်တော်ပြီး စည်းကမ်းကျနသော ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ပေါ်စေမှာ ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုရှိသော ခေတ်မီစနစ်ကျသော ပုဂ္ဂလိကကဏ္ဍတစ်ရပ် ဖန်တီးရရှိ၍ လိုက်လျောညီထွေစွာ လည်ပတ်လျက်ရှိသော၊ သင့်တော်သည့် ယှဉ်ပြိုင်မှုရှိသော ဈေးကွက်စီးပွားရေးစနစ်တစ်ရပ် လိုအပ်ကြောင်း"** ပြောကြားသွားခဲ့ရာ ယနေ့အခါတွင် ပုဂ္ဂလိကကဏ္ဍများ ပေါ်ပေါက်လာနေပြီဖြစ်သည်။

ဝန်ထမ်းကောင်းများ

ဩဂုတ် ၂၂ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက **"အစိုးရသက်တမ်းနှနယ်သေးပေမယ့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ပြည်သူလူထုအကျိုးကို ရှေ့တန်းတင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ ပြည်သူလူထုအကျိုးစီးပွားကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုစိတ်ကျေနပ်မှု၊ ပြည်သူလူထုစိတ်ချမ်းသာမှုကိုထမ်းဆောင်ကြတဲ့၊ ပြည်သူတစ်ရပ်လုံး အားထားမှု ခံယူထိုက်တဲ့ ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း"** မိမိတို့ အစိုးရအဖွဲ့၏ အချိန်တိုကာလအတွင်း ဆောင်ရွက်မှုများကို ပြောကြားသွားသည်။

လူ့အခွင့်အရေး

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနားသည် ဩဂုတ် ၂၀ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ကွင်တားနားက မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများဖြစ်ထွန်းလာနေသည်ကို အထင်အရှားတွေ့မြင်ရပါကြောင်း ပြောကြားသွားခဲ့သည်။

ငါးစင်းမြောက်တံတားဖွင့်

ဩဂုတ် ၂၇ ရက်တွင် အစိုးရသစ်လက်ထက် ငါးစင်းမြောက်ဖွင့်လှစ်သော ဒိုက်ဦး-စစ်တောင်းလမ်းပေါ်ရှိ အရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် ခွင့်ပြုအလေးချိန် တန် ၆၀ ရှိ နဂါးပေါက်တံတားကို ဖွင့်လှစ်ပေးခဲ့ပြန်သည်။

သံတမန်ဆက်ဆံရေးထူထောင်

စက်တင်ဘာ ၁ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံသည် (၁၀၄) နိုင်ငံမြောက် သံတမန်ဆက်ဆံရေး ထူထောင်သော နိုင်ငံဖြစ်လာသည်။

လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်း

စက်တင်ဘာ ၅ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့အား ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။

ဥပဒေများ ပြင်ဆင်၊ ဖျက်သိမ်း၊ ပြဋ္ဌာန်း

စက်တင်ဘာ ၂၉ ရက်မှစတင်၍ ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်၏ လက်ရှိခေတ် အခြေအနေနှင့် မကိုက်ညီတော့သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ စတင်ဆောင်ရွက်ခဲ့သည်။

မြစ်ဆုံဆည်တည်ဆောက်ခြင်း ရပ်ဆိုင်း

စက်တင်ဘာ ၃၀ ရက်တွင် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုများရှိကြောင်း ကြားသိရသည့်အတွက် ပြည်သူများ၏ဆန္ဒကို အလေးထားသောအားဖြင့် မိမိတို့အစိုးရ လက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်သူများ၏ဆန္ဒကို အလေးထားလုပ်ဆောင်ခဲ့သည်။

စီစဉ်တင်ဆက် - စာတည်းအဖွဲ့

ပထမအကြိမ် ငြိမ်းချမ်းရေးဆွေးနွေး

အောက်တိုဘာ ၃ ရက်တွင် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် "ဝ"အထူးဒေသ(၂) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပထမအကြိမ်ငြိမ်းချမ်းရေးကိစ္စများ ဆွေးနွေးခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ချစ်ကြည်ရေးရောက်ရှိ

အောက်တိုဘာ ၅ ရက်တွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးရောက်ရှိပြီး နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်

အောက်တိုဘာ ၁၁ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၄၉/၂၀၁၁ ဖြင့် အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၆၃၅၉ ဦးတို့အား ပြစ်ဒဏ်အသီးသီးမှ ဒုတိယအကြိမ်လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးခဲ့သည်။

ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

အောက်တိုဘာ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကျင်းပသည်။ အဆိုပါစက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ပူးပေါင်းဆောင်ရွက်

နိုဝင်ဘာ ၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို မူဝါဒများချမှတ်ဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ပဏာမငြိမ်းချမ်းရေး သဘောတူလက်မှတ်ထိုး

နိုဝင်ဘာ ၃ ရက်တွင် ကရင်ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကလို့ထူးဘောတပ်ဖွဲ့(ယခင် DKBA) တို့သည် ဘားအံမြို့၌ နှစ်ဦးနှစ်ဖက် တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ကြပြီး ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမငြိမ်းချမ်းရေးသဘောတူညီချက်(၅)ချက်ကို လက်မှတ်ရေးထိုးကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်

နိုဝင်ဘာ ၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံတွင် အပူဇော်ခံရန် ပင့်ဆောင်ရောက်ရှိလာသည်။ အစိုးရသစ်လက်ထက် သာသနာရောင်ဝါထွန်းလင်းတောက်ပမှုပင်ဖြစ်သည်။

အာဆီယံ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် အတည်ပြု

နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးက ၂၀၁၄ ခုနှစ်တွင် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

အိုဘားမား မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်အား အသိအမှတ်ပြု

နိုဝင်ဘာ ၁၈ ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်နှင့် လွှတ်တော်များ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆောင်ရွက်ချက်များအပေါ် အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။

ဧရာဝတီတံတား(ညောင်တုန်း)ဖွင့်

နိုဝင်ဘာ ၂၇ ရက်တွင် ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(ညောင်တုန်း) ဖွင့်ပွဲအခမ်းအနား ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။ အဆိုပါတံတားကြီး၏ကျေးဇူးကြောင့် ဟင်္သာတ၊ ဇလွန်မြို့တို့မှ တစ်ဆင့် ပုသိမ်မြို့နှင့် ရန်ကုန်(လှိုင်သာယာ)မြို့တို့ကို မီးရထားနှင့်သွားလာနိုင်ပြီဖြစ်သည်။

ဟီလာရီကလင်တန် ပထမဆုံးရောက်ရှိ

ဒီဇင်ဘာ ၁ ရက်တွင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ နှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးလာရောက်သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဖြစ်သည်။ အမေရိကန်သည် မြန်မာနိုင်ငံ၏မိတ်ဖက်နိုင်ငံဖြစ်လိုကြောင်း ဟီလာရီကလင်တန်က ပြောကြားသွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်နှင့် ဆွေးနွေး

ဒီဇင်ဘာ ၆ ရက်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးဖွင့်

ဒီဇင်ဘာ ၁၉ ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးကို ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ လေဆိပ်တွင် တစ်နှစ်လျှင် လေယာဉ်စင်းရေ ၅၀၀၀၀ မှ ၆၅၀၀၀ အထိ ဆိုက်ရောက်နိုင်သည်။

မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး အိမ်ရှင်အဖြစ်ကျင်းပ

ဒီဇင်ဘာ ၁၉ ရက်တွင် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး နေပြည်တော်၌ ကျင်းပခဲ့သည်။

ဧရာဝတီတံတား(ပခုက္ကူ)ဖွင့်

ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာနိုင်ငံ၌ အရှည်ဆုံးတံတားဖြစ်သော ဧရာဝတီတံတား (ပခုက္ကူ)ကို ဖွင့်လှစ်ပေးခဲ့သည်။ ပင်မတံတားအရှည် ၁၁၄၃၀ ပေ၊ ကားလမ်းတံတားအရှည် ၁၃၅၃၇ ပေ၊ ရထားလမ်းတံတားအရှည် ၂၀၅၉၇ ပေ ရှိသည်။ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း မန္တလေးတိုင်းဒေသကြီးနှင့် အနောက်ဘက်ခြမ်း မကွေးတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားခြင်းဖြစ်ပြီး အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ Highway လမ်းမကြီးပေါ်တွင် တည်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

ရခိုင်ပြည်နယ်နှင့် ငလျင်ဘေးသင့်ဒေသများသို့ အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၃၁

ရခိုင်ပြည်နယ်အတွင်း ခေတ္တရွှေ့ပြောင်းပြည်သူများနှင့် ငလျင်ဘေးသင့်ဒေသများမှ ပြည်သူများအတွက် အရေးကြီးသော အကူအညီ အထောက်အပံ့များကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ လူတိုင်းလူတိုင်းအတွက် စားဝတ်နေရေး အရေး(၃)ပါးသည် အလိုအပ်ဆုံးဖြစ်ပြီး လိုအပ်သောအကူအညီများကို ယခုလို ရက်ရက်ရောရောသဒ္ဓါတရားနှင့် ပံ့ပိုးကူညီပေးခဲ့ခြင်းကို အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ရခိုင်ပြည်နယ်နှင့် ငလျင်ဘေးသင့်ဒေသများသို့ အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲတွင် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာက ဘေးသင့်ပြည်သူများအတွက် Modular House များ လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြား၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာတို့က အကူအညီပေးရေးဆိုင်ရာသဘောတူစာချုပ်ကို လက်မှတ်ရေးထိုး **(အပေါ်ပုံ)** လဲလှယ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လှူဒါန်းပစ္စည်းများအား အသုံးပြုသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားသမားများ လေ့ကျင့်နေမှု ဒုတိယဝန်ကြီး ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော်လယ်ဝေးမြို့ရှိ Training Center(2)၌ ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် အလေးမအားကစားသမားများ လေ့ကျင့်နေမှုများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ယနေ့နံနက် ၉ နာရီတွင် သွားရောက်ကြည့်ရှုအားပေးပြီး အစည်းအဝေးခန်းမ၌ အားကစားနည်းတာဝန်ခံနှင့် နည်းပြများအား တွေ့ဆုံကာ အားကစားနည်းအလိုက် SEA GAMES ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အားကစားသမားများအား A အဆင့်၊ B အဆင့်၊ C အဆင့်အုပ်စုခွဲထားမှု တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၉)ခုမေးမြန်းဖြေကြားခြင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့များ ဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို တင်သွင်းအတည်ပြုခြင်းတို့ ဆောင်ရွက်ပြီး အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာရေးဝန်ထမ်းများ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီစာရေးဝန်ထမ်းများ မွမ်းမံသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များနှင့် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သဒ္ဒါခိုင်မြဲ နွားဘေးမဲ့ပွဲ ကျင်းပမည်

မန္တလေး ဒီဇင်ဘာ ၃၁

သဒ္ဒါခိုင်မြဲ နွားဘေးမဲ့ပွဲကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၅ ရက်(စနေနေ့)တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် နွားဘေးမဲ့ရုံ၌ နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ပွဲတော်ရပ်တွင် ဟိန္ဒူရိုးရာသက်သတ်လွတ် အစားအစာများ၊ အချိုမုန့်များအား နိဗ္ဗာန်ဈေးဖွင့်၍ အထူးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ရိုးရာတေးဂီတအဖွဲ့များဖြင့်လည်း ဖျော်ဖြေမည်ဖြစ်သည်။ နွားဘေးမဲ့ရုံတွင် လယ်ယာလုပ်ငန်းခွင်မှ အိုမင်းနွား ၁၀၀ ကျော်အားလက်ခံ၍ကျွေးမွေးစောင့်ရှောက်ထားသည်။ တံခွန်တိုင်နွားဘေးမဲ့ရုံသည် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော အိုမင်းနွားများ စောင့်ရှောက်ထားသည့်နေရာဖြစ်ပြီး တိရစ္ဆာန်အစားအစာနှင့်ဆေးဝါးများ လှူဒါန်းလိုပါက ဖုန်း- ၀၉-၅၀၁၆၃၈၀၊ ၀၉-၂၀၀၀၈၂၀ တို့သို့ ဆက်သွယ်နိုင်သည်။ **သီဟကိုကို(မန္တလေး)**

မြန်မာ့လေကြောင်း လေယာဉ်ခ နှုန်းထားများ ပြောင်းလဲ

မန္တလေး ဒီဇင်ဘာ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက ပြည်တွင်းလေယာဉ်ခနှုန်းထားများအား ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှစ၍ ပြောင်းလဲခဲ့သည်။ မန္တလေးမှ ရန်ကုန်သို့ နိုင်ငံသားငွေ ကျပ် ၆၀၀၀၀၊ နိုင်ငံခြားသား ၇၅ ဒေါ်လာ၊ မန္တလေးမှ နေပြည်တော် ငွေကျပ် ၃၅၀၀၀၊ နိုင်ငံခြားသား ၄၄ ဒေါ်လာ၊ မန္တလေးမှ မြစ်ကြီးနား ငွေကျပ် ၅၃၀၀၀၊ နိုင်ငံခြားသား ၆၆ ဒေါ်လာ၊ မန္တလေးမှ ဗန်းမော် ငွေကျပ် ၄၃၀၀၀၊ နိုင်ငံခြားသား ၅၄ ဒေါ်လာ၊ မန္တလေးမှ ပူတာအို ငွေကျပ် ၇၅၀၀၀၊ နိုင်ငံခြားသား ၉၄ ဒေါ်လာ၊ မန္တလေးမှ ခန္တီး ငွေကျပ် ၆၀၀၀၀၊ နိုင်ငံခြားသား ၇၅ ဒေါ်လာ၊ မန္တလေးမှ ဟုမ္မလင်း ငွေကျပ် ၆၃၀၀၀၊ နိုင်ငံခြားသား ၇၉ ဒေါ်လာ၊ မန္တလေး မှ ကလေး ငွေကျပ် ၄၅၀၀၀၊ နိုင်ငံခြားသား ၅၆ ဒေါ်လာ၊ မန္တလေး မှ ကျိုင်းတုံ ငွေကျပ် ၇၅၀၀၀၊ နိုင်ငံခြားသား ၉၄ ဒေါ်လာ၊ မန္တလေး မှ တာချီလိတ် ငွေကျပ် ၇၅၀၀၀၊ နိုင်ငံခြားသား ၉၄ ဒေါ်လာ၊ မန္တလေးမှ ဟဲဟိုး ငွေကျပ် ၂၅၀၀၀၊ နိုင်ငံခြားသား ၃၁ ဒေါ်လာ၊ မန္တလေးမှ ညောင်ဦး ငွေကျပ် ၂၅၀၀၀၊ နိုင်ငံခြားသား ၃၁ ဒေါ်လာ၊ မန္တလေး မှ လားရှိုး ငွေကျပ် ၃၈၀၀၀၊ နိုင်ငံခြားသား ၄၈ ဒေါ်လာတို့ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ (မန္တလေး)**

၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃

နှစ်သစ်အချိန်အခါတွင် မိဘပြည်သူများနှင့်
မိတ်ဟောင်းမိတ်သစ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်

K.P.M
ခင်ပုံးမွန်
အင်ဒိုနီးရှားပါတိတ်

SOLO®
COLLECTION

GRAND SOLO
GRAND SOLO
ပါတိတ်

၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃ ၂၀၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၂)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

*** ပြည်သူ့ဘဏ္ဍာမှ**

အခြေအနေများအပေါ် မူတည်၍ အကောင်အထည်ဖော် လုပ်ဆောင်ကြရခြင်းဖြစ်ပါကြောင်း၊ ရသုံးခန့်မှန်းခြေ ငွေစာရင်း သို့မဟုတ် ဘတ်ဂျက်သည် အမျိုးသားစီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်းမည်မျှရရှိ၍ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့ မည်ပုံ သုံးစွဲမည်၊ မည်သို့ ရင်းနှီးမြှုပ်နှံမည် စသည်ဖြင့် နိုင်ငံတော်အဖွဲ့အစည်းများမှ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို ငွေကြေးကိန်းဂဏန်းဖြင့် ပြုစုဖော်ပြချက် စာရင်းဇယားများ ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဖြစ်ပေါ်လာမည့် ငွေကြေးကိစ္စများကို ကြိုတင်ခန့်မှန်းတွက်ချက်သည့် နှစ်စဉ်ဘဏ္ဍာရေးစာရင်းဖြစ်ပြီး ဖြစ်ပေါ်လာမည့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေအရ လိုအပ်ချက်များကို ကြိုတင်အစီအစဉ် ပြုလုပ်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် လုပ်ငန်းအစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အမျိုးသားစီးပွားရေးစီမံကိန်းနှင့် ဆက်စပ်အကောင်အထည်ဖော်နိုင်ရန်စီမံခြင်း စသည်တို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်စဉ်နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်း သို့မဟုတ် ဘတ်ဂျက်ရေးဆွဲခြင်းသည် နိုင်ငံတော်အတွက်များစွာ အရေးကြီးသည့် လုပ်ငန်းဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

ဘဏ္ဍာငွေအရအသုံးများကို လျာထားမှုအခြေအနေများနှင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေမှုအခြေအနေများမှာ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်ရေးဆွဲမှုစနစ်အား နိုင်ငံတကာစံနှုန်းနှင့် ညီညွတ်လာအောင် ဆောင်ရွက်ရန်လိုအပ်ခြင်း၊ လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးသပ်အကြံပြုချက်များ၊ တိုက်တွန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်ခြင်း၊ နိုင်ငံတော်၏ ရငွေအရင်းအမြစ်များကို အကောင်းဆုံးခွဲဝေအသုံးချပြီး နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက်ဆောင်ရွက်ရန်လိုအပ်ခြင်း စသည်တို့ကြောင့် ဘတ်ဂျက်ရေးဆွဲမှုကိုလည်း သုံးသပ်ပြင်ဆင်ရေးဆွဲတင်ပြလျက်ရှိသည်ကို တွေ့ကြရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေသုံးစွဲနိုင်ရေးနှင့် ပတ်သက်ပြီး ဒုတိယသမ္မတများ ဦးဆောင်ကာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ညှိနှိုင်းဆောင်ရွက်မှုကိုလည်း တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ဦးဆောင်မှုဖြင့်တစ်နိုင်ငံလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်စေရန်၊ တစ်ဦးကျဝင်ငွေ မြင့်မားလာစေရန် ကြိုးပမ်းကြရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်များကလည်း လိုအပ်သော အသုံးစရိတ်များကို သုံးစွဲဆောင်ရွက်နိုင်အောင် ပြည်ထောင်စုက ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

နောက်တစ်ချက် ပြောကြားလိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စနစ်တကျစီမံဖွဲ့စည်း၍ နိုင်ငံတော်ပံ့ပိုးကူညီမတည်မှုဖြင့် ခိုင်မာစွာရပ်တည် ဆောင်ရွက်နေသော အဖွဲ့အစည်းများဖြစ်သော်လည်း နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများအရ အမြတ်အစွန်းရရှိသည့် အဖွဲ့အစည်းများရှိသကဲ့သို့ အမြတ်အစွန်းမရရှိသည့် အဖွဲ့အစည်းများလည်း ရှိနေသည်ကို တွေ့ရပါကြောင်း၊ အမြတ်အစွန်းရရှိသည့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အတွက်ရငွေကို ကြီးမားစွာအထောက်အကူ ဖြစ်နေသောအဖွဲ့အစည်းများဖြစ်၍ တာဝန်ရှိသူများက ပိုမိုတိုးတက်မှုရှိရန် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ အမြတ်အစွန်းမရရှိသော အဖွဲ့အစည်းများနှင့်ပတ်သက်၍ အမြတ်မရရှိသည့် အကြောင်းရင်းများကို သုံးသပ်ဖော်ထုတ်ခြင်း၊ ပြည်သူလူထုအတွက် လိုအပ်ချက်အရ ဖြည့်ဆည်းဆောင်ရွက်ပေးရသောလုပ်ငန်းများမှလွဲ၍ နိုင်ငံတော်၏ဘတ်ဂျက်အပေါ် မှီခိုနေရမှုမှ လွတ်ကင်းစေရန် နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် အရင်းအနှီးလိုအပ်ချက်များကို ပြည်တွင်းမှသာမက ပြည်ပကိုပါ ဖိတ်ခေါ်၍ ဖြည့်ဆည်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များအတွက် နိုင်ငံတော်ဘတ်ဂျက်ကသာ အားလုံးကျခံရင်းနှီးရန်အတွက် လုံလောက်မှုရှိမည် မဟုတ်ကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရသော ရင်းနှီးမြှုပ်နှံမှုများရှိမည်ဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ၏ ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံမှုများလည်း ရှိမည်ဖြစ်ပါကြောင်း၊ ရေရှည်တွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ပိုမိုထိရောက် ကောင်းမွန်သောစနစ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းများအပေါ် ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များနှင့် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး လိုအပ်သည်များကို အကြံပြုတင်ပြကြပါရန် ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများက ရေးဆွဲတင်ပြလာသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းများအား စိစစ်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များက ရေးဆွဲတင်ပြလာသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းများအား စိစစ်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရသုံးခန့်မှန်းခြေငွေစာရင်းများကို အဆင့်ဆင့်စိစစ်ဆောင်ရွက်ခဲ့မှု၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က ဒေသအလိုက်နှင့် ကဏ္ဍအလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများ၌ ငွေစာရင်းလုပ်ငန်းကျွမ်းကျင်သူဝန်ထမ်းများအား ခန့်ထားပြီးဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်နင်းအောင် ကိုင်တွယ်ထိန်းသိမ်းနိုင်ရေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများကို သုံးစွဲရာတွင် တစ်ဖက်ကလည်း ယင်းငွေများကို ပြန်လည်ရရှိအောင်၊ အကျိုးရှိအောင် သုံးစွဲမည်ဟု ရည်ရွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအား ပိုမိုစည်းကမ်းပြည့်ဝပြီး စိတ်ထားခံယူချက်ကောင်းမွန်သူများဖြစ်အောင် ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးကိုလည်း အလေးထားဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအား တာဝန်ပေးအပ်ရာတွင် အဆင့်ဆင့်ကွပ်ကဲမှုစနစ်ဖြင့် တာဝန်ပေးသွားရန်ဖြစ်ကြောင်း။

မိမိတို့၏ လုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်အမှန်ကို သိရှိပြီး ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အကျိုးကို စေတနာထားဆောင်ရွက်မှသာ ပြည်သူများက ယုံကြည်အားကိုးလာမည်ဖြစ်ကြောင်း၊ ပြည်သူနှင့်အမြဲထိတွေ့နေသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ အနေဖြင့် ပြည်သူနှင့်ဆက်ဆံဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန်လိုကြောင်း။

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၂) ကြိမ်မြောက် အစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်း ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၂) ကြိမ်မြောက် အစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ခေါင်းဆောင်များအနေဖြင့် မိမိဒေသ၊ မိမိနိုင်ငံတိုးတက်ဖွံ့ဖြိုးအောင် အမြဲတွေးတောကြံဆနေရန်နှင့် တီထွင်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် တိုးတက်သောအမြင်ရှိရန်လည်း လိုအပ်ကြောင်း၊ ထိုသို့ တိုးတက်ဖွံ့ဖြိုးလာရန်အတွက် စည်းလုံးညီညွတ်မှုသည် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ မိမိတို့ဌာနတွင်းတွင်လည်းကောင်း၊ ပြည်သူများနှင့်လည်းကောင်း စည်းလုံးညီညွတ်မှု စွမ်းအားများရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းအား ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြခြင်းမပြုမီ လေးကြိမ်တိုင် စိစစ်ခဲ့ကြောင်း၊ ယခုဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လိုငွေနှင့် ဂျီဒီပီ အချိုးမှာ သတ်မှတ်ချက်အတွင်းရှိစေရန်အတွက် ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မိန့်မှာခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၁-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	“နှစ်သစ်အခါမင်္ဂလာ” တရားတော် (ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
၉း၄၀	ခရီးပျော်တို့ လမ်းညွှန်ရာ (အုံ့ဖွယ်အရိပ်ကျဘုရား၊ ငါးဆူမြောက် စွယ်တော်မြတ်နှင့် မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်ခရီးစဉ်)
၁၂း၁၅	ဓလေ့ရိုးရာမနေသာ
၁၂း၅၀	ပုပ္ပားမြေမှ. . . အလှူတော်မင်္ဂလာ. . .
၁း၂၅	ဖွားချီ (စံရှားတင်၊ ဝါးခယ်မရဲမောင်) ဒါရိုက်တာ-ခင်ဇော် (ကေသီပန်)
၁း၄၅	ထိန်းသိမ်းကာကွယ်ပါ. . . သဘာဝ၏ရတနာ. . . အင်းလေးကန်သာ
၁း၅၅	တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီတော်ဝင်ကေတုမတီ
၂း၂၀	အဖိုးတန်သောသဘာဝ သယံဇာတမြေဟူးကောင်း
၂း၄၅	လူနေမှုအဆင့်အတန်း မြင့်မားဖို့ အိမ်ခြံရှိသူတိုင်း သစ်မွှေးစိုက်ကြစို့
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချိုမြိန်သောဘဝလေး” (အပိုင်း-၅၆)
၅း၂၀	Minute to Win It
၆း၁၅	Happy Independent 2013
၁၁း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ချက်နှင့်ဂင်မ်ချီ” (အပိုင်း-၂၂)

ဒီဇင်ဘာ အားကစားလ ကိုယ်လက်ကြံ့ခိုင်ရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၁၂ ခုနှစ် ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၉ ရက် စနေနေ့ နံနက် ၅ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့ ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ခံပြည်သူများဖြင့် စုပေါင်း၍ကျန်းမာရေးဦးစီးဌာနရှေ့ပန်းခြံစုရပ်မှ လှိုင်မြစ်လမ်းတစ်လျှောက် အောင်ဇေယျတံတားစုရပ်အထိ အသွားအပြန် စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲခဲ့ကြ

သဘာဝပတ်ဝန်းကျင်သတင်း ➢ အောဝမ်းစိုး

ပျောက်ကွယ်တော့မည့် တရုတ်သန္တာကျောက်တန်းများ

ဩစတြေးလျနှင့် တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိမှုတစ်ခုအရ တရုတ်ရေပြင်ပိုင်နက်အနီးရှိ သန္တာကျောက်တန်းများသည် တဖြည်းဖြည်း ပျောက်ကွယ်လျက်ရှိပြီး လွန်ခဲ့သည့်နှစ် ၃၀ အတွင်း ၈၀ ရာခိုင်နှုန်းအထိ လျော့ကျပျောက်ကွယ်သွားသည်ဟု ဆိုသည်။

တောင်တရုတ်ပင်လယ်ပြင်နှင့်တရုတ်ပြည်မကြီး ကမ်းလွန်ဒေသတို့တွင် ပြုလုပ်ခဲ့သည့် ဇီဝဗေဒဆိုင်ရာ စစ်တမ်းများအရ သန္တာကျောက်တန်းများတည်ရှိမှုသည် ပျောက်ကွယ်လာလျက်ရှိပြီး အထူးသဖြင့် လွန်ခဲ့သည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း ပို၍ပျောက်ကွယ်သွားခဲ့ကြောင်း သုတေသနပညာရှင်များက ထုတ်ပြန်ကြေညာခဲ့သည်။

ရေထုညစ်ညမ်းမှု၊ ငါးအလွန်အကျွံဖမ်းဆီးမှုနှင့် ကမ်းရိုးတန်းဒေသများဖွံ့ဖြိုးတိုးတက်လာမှုသည် သန္တာကျောက်တန်းများ ပျောက်ကွယ်လာရခြင်း၏ အဓိကတရားခံများဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုများသည်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ပိုမိုဆိုးရွားစေသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာနှင့် ဒေသတွင်းနိုင်ငံရေးအခြေအနေများသည်လည်း သန္တာကျောက်တန်းများပျောက်ကွယ်ရာတွင် အနည်းနှင့်အများအကျိုးသက်ရောက်မှုရှိခဲ့သည်ဟု ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့အပါအဝင် တောင်တရုတ်ပင်လယ်ပြင်နှင့် နီးစပ်လျက်ရှိသည့် နိုင်ငံများက တောင်အာရှရေပြင်ပိုင်နက် အငြင်းပွားမှုများတွင် ပါဝင်ပတ်သက်လျက်ရှိကြသည်။ ယင်းရေပြင်ပိုင်နက် အငြင်းပွားမှုပြဿနာကြောင့် အဆိုပါဒေသရှိ သဘာဝသယံဇာတ အရင်းအမြစ်များကို စီမံခန့်ခွဲထိန်းသိမ်းရာတွင် အခက်အခဲရှိခဲ့သည်။ ယင်းပြဿနာများကြောင့် တောင်တရုတ်ပင်လယ်ရှိ သန္တာကျောက်တန်း စတုရန်းမိုင် ၁၂၀၀၀ ခန့်သည် ပျောက်ကွယ်သွားခဲ့ရပြီ ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

အေအက်ဖ်ပီ။

ကွန်မြူနတီဖလား ရန်ကုန်အသင်းရယူ

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၁၃ ရာသီ MNL ရာသီကြိုကွင်းဖွင့်ဖလား (ကွန်မြူနတီဖလား) ပြိုင်ပွဲအဖြစ် အမှတ်ပေးချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှုံး/ထွက် ချန်ပီယံဧရာဝတီယူနိုက်တက်အသင်းတို့သည် ယမန်နေ့ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပွဲမစတင်မီ နှစ်ဖက်အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရန်ကုန်ယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် ဒီဇင်ဘာ ၂၅ ရက်က ဟဲဟိုးလေဆိပ်တွင် ဖြစ်ပွားခဲ့သော Air Bagan လေယာဉ်၏ မတော်တဆဖြစ်ရပ်နှင့် အသက်ဆုံးရှုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ကြသည်။

ရန်ကုန်ယူနိုက်တက် - တစ်ဂိုး (ဆီဇာ)

ဧရာဝတီယူနိုက်တက် - ဂိုးမရှိ

ပြီးခဲ့သည့် ၂၀၁၂ ရာသီကြိုကွင်းဖွင့်ဖလားပြိုင်ပွဲတွင်တွေ့ဆုံစဉ်က ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသော ရှုံးကြွေးကို ရန်ကုန်တို့ပြန်ဆပ်နိုင်ခဲ့ပြီဖြစ်သည်။ ခြေစွမ်းပိုင်းအရ နှစ်သင်းစလုံးကွာခြားမှုမရှိသော်လည်း ရန်ကုန်အသင်းက တိုက်စစ်မှူးဆီဇာ၏ ၂၃ မိနစ်တွင် သွင်းယူခဲ့သောဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အနိုင်ရရှိသွားသော ရန်ကုန်ယူနိုက်တက်အသင်းအား ကွန်မြူနတီဖလား ပေးအပ်ချီးမြှင့်သည်။ ယခုပွဲမှ ကွင်းဝင်ကြေးကျပ် ၁၀ သိန်းရရှိခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် MNL ကလပ်အသင်းပိုင်ရှင်များက လှူဒါန်းငွေကျပ် သိန်း ၉၀ စုစုပေါင်း ကျပ်သိန်း ၁၀၀ ကို ပဲခူးရွှေကျင်မြို့နယ်ပရဟိတကျောင်း၊ တွံတေးဘုရားကြီးကျေးရွာ ပရဟိတကျောင်း၊ ဒေးဒရဲပဏ္ဍာသိုက်ကျေးရွာမိဘမဲ့ကလေးကျောင်းနှင့် မင်းဘူးမဖျိမလွင်ပြင် ပရဟိတအဖွဲ့များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

→ ရှိုင်းထက်ဇော် ←

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၁-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	"နှစ်သစ်အခါမင်္ဂလာ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
၉း၄၀	ခရီးပျော်တို့ လမ်းညွှန်ရာ (အုံ့ဖွယ်အရိပ်ကျဘုရား၊ ငါးဆူမြောက် စွယ်တော်မြတ်နှင့် မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်ခရီးစဉ်)
၁၂း၁၅	ဝလေ့ရှိုးရာမနေသာ
၁၂း၅၀	ပုပ္ပားမြေမှ. . . အလှူတော်မင်္ဂလာ. . .
၁း၂၅	ဖွားချီ (စံရှားတင်၊ ဝါးခယ်မရဲမောင်) ဒါရိုက်တာ-ခင်ဇော် (ကေသီပန်)
၁း၄၅	ထိန်းသိမ်းကာကွယ်ပါ. . . သဘာဝ၏ရတနာ. . . အင်းလေးကန်သာ
၁း၅၅	တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၂း၂၀	အဖိုးတန်သောသဘာဝ သယံဇာတမြေဟူးကောင်း
၂း၄၅	လူနေမှုအဆင့်အတန်း မြင့်မားဖို့ အိမ်ခြံရှိသူတိုင်း သစ်မွေးစိုက်ကြစို့
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၅၆)
၅း၂၀	Minute to Win It
၆း၁၅	Happy Independent 2013
၁၁း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ချက်နှင့်ဂင်မ်ချီ" (အပိုင်း-၂၂)

၂၀၁၃ ခုနှစ်၊ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

၃။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

၄။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ အကျိုးစီးပွားကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဖော်ဆောင်ပေးရေး၊ ဆင်းရဲမှုနှုန်း လျှော့နည်းကျဆင်းရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များ တိကျမှန်ကန်ဖြောင့်မတ်ရေးတို့အတွက် မဆုတ်မနစ် ကြိုးပမ်းဖော်ဆောင်ရေး။

ပညာရေးဝန်ကြီးဌာန ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

ပညာရေးဝန်ကြီးဌာန ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဒုတိယအကြိမ် အခြေခံပညာ ကျောင်းသား အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် Nay Pyi Taw FC ဘောလုံးအားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဒုတိယအကြိမ်အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲကြီးအား အဘက်ဘက်က ကူညီပံ့ပိုးပေးကြသော ကုမ္ပဏီများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဘရှွေ၊ ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားဘောလုံးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းတို့အား ပြည်ထောင်စုဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဘက်စုံအားကစား ထူးချွန်တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် အတိုးတက်ဆုံးဆုရ တနင်္သာရီတိုင်းဒေသကြီးအသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ အားကစားလ ကိုယ်လက်ကြံ့ခိုင်ရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၃၀

၂၀၁၂ ခုနှစ် ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၉ ရက် စနေနေ့ နံနက် ၅ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့ ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ခံပြည်သူများဖြင့် စုပေါင်း၍ကျန်းမာရေးဦးစီးဌာနရှေ့ပန်းခြံစုရပ်မှ လှိုင်မြစ်လမ်းတစ်လျှောက် အောင်ဇေယျတံတားစုရပ်အထိ အသွားအပြန် စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲခဲ့ကြသည်။ ဆက်လက်ပြီး အောင်ဇေယျတံတားစုရပ်တွင် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီး ဌာနမှ ဦးစီးအရာရှိ စုပေါင်းလမ်းလျှောက်သူများကို ကိုယ်ကာယလေ့ကျင့်ခန်းများပြုလုပ်မှု ပြသ လေ့ကျင့် ပေးခဲ့သည်။ **(၆၈၄)**

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး အဆင့်မြှင့်တင်မည် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက အကူအညီတောင်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၃၀

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအား နိုင်ငံတကာ အဆင့်မီ အဝေးပြေးလမ်းမကြီးအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်။ အမြန်လမ်းမကြီးအား ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရေး အတွက် ဖွင့်လှစ်ပေးခဲ့သော်လည်း အမြန်လမ်းမကြီးစံနှုန်းများ၊ လမ်းအင်္ဂါရပ်များနှင့် ကိုက်ညီမှုမရှိသေးသဖြင့် မဆင်မခြင်မောင်းနှင်သော ယာဉ်များ မကြာခဏ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ခဲ့သည်။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအား အဆင့်မြှင့်တင်ရာတွင် ပထမအဆင့် တစ်ဖက်လေးလမ်းသွားလမ်းအဖြစ် ဆောင်ရွက်ခြင်း၊ နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းမကြီးတစ်လျှောက် အကာအရံများတပ်ဆင်ခြင်းတို့ကို ပြုလုပ်သွားရန်ရှိသည်။ အမြန်လမ်းမကြီးသည် ၃၆၅ မိုင်ခြောက်ဖာလုံရှည်ပြီး ၂၀၀၅ ခုနှစ် အောက်တိုဘာလက စတင်ဖောက်လုပ်ခဲ့သည်။

အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းနိုင်ရေး၊ အရေးပေါ်အခြေအနေများ ကူညီနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အမြန်လမ်းရဲတပ်ဖွဲ့ကို ဖွဲ့စည်း၍ လမ်းတစ်လျှောက်တွင် ရဲစခန်း ၁၄ ခု ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းတွင် ၂၀၁၂ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာ ၂၀ ရက်ထိ ယာဉ်မတော်တဆမှု ၈၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၁ ဦး၊ ဒဏ်ရာရသူ ၁၃၂ ဦးရှိခဲ့သည်။ အမြန်လမ်းမကြီးတွင် ယာဉ်မောင်း သူများ အရေးပေါ်အခြေအနေများနှင့် ကြုံရပါက ဖုန်း-၀၆၇-၈၁၀၀၈၇၊ ၀၉-၄၇၃ ၂၄၁၂၆ သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **(မောင်စေတနာ)**

၂၀၁၃ ရာသီကြို ကွန်မြူနတီဖလားချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်း။

ဆက်လက်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အနိုင်ရရှိသွားသော ရန်ကုန်ယူနိုက်တက် အသင်းအား ကွန်မြူနတီဖလား ပေးအပ်ချီးမြှင့်သည်။ ယခုပွဲမှ ကွင်းဝင်ကြေးကျပ် ၁၀ သိန်းရရှိခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် MNL ကလပ်အသင်းပိုင်ရှင်များက လှူဒါန်းငွေကျပ် သိန်း ၉၀ စုစုပေါင်း ကျပ်သိန်း ၁၀၀ ကို ပဲခူးရွှေကျင်မြို့နယ်ပရဟိတကျောင်း၊ တွံတေး ဘုရားကြီးကျေးရွာ ပရဟိတကျောင်း၊ ဒေးဒရဲပဏ္ဍာသိုက်ကျေးရွာမိဘမဲ့ကလေးကျောင်းနှင့် မင်းဘူးမဖြိုမလွင်ပြင် ပရဟိတအဖွဲ့များသို့ လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

ရှိုင်းထက်ဇော်

ပထမအကြိမ် မန္တလေးတောင်ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၃၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်တို့က ကြီးမှူး၍ Mandalay Free Rider အပျော်တမ်းစက်ဘီးစီးအဖွဲ့မှ ဦးစီးကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပထမအကြိမ် မန္တလေးတောင်တက်ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၇ နာရီက ချမ်းအေးသာစံမြို့နယ် (၂၆) လမ်း ဆီဒိုးနားဟိုတယ်ရှေ့မှ တာလွှတ်ရာ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အတွက် ရွေးချယ်လေ့ကျင့်ထားသည့် မြန်မာလက်ရွေးစင် စက်ဘီးအားကစားသမား ရှစ်ဦး အပါအဝင် မန္တလေးမြို့ရှိ စက်ဘီးစီးကလပ် လေးခုမှ အားကစားသမား ၁၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ တောင်တက်စက်ဘီးစီးပြိုင်ပွဲမှာ ၃ ဒသမ ၂၅ မိုင်ရှည်ပြီး မန္တလေးတောင် စက်လှေကားတွင် ပန်းဝင်ကြသည်။

တောင်ဆင်းခရီးကြမ်း ဖြတ်ကျော်စက်ဘီးပြိုင်ပွဲကိုလည်း နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပရာ အမျိုးသား အမျိုးသမီး အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မန္တလေးတောင်ခြေ ဘိုးဘိုးကြီးနတ်နန်းတွင် ပန်းဝင်ကြသည်။ ပထမ၊ ဒုတိယ၊ တတိယဆုရ အားကစားသမားများအား ထိုက်တန်စွာ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

ဖောင်းကြွနံပါတ်ပြားများ ထုတ်ပေး၊ အမြန်တပ်ဆင်ကြရန် အသိပေး

မန္တလေး ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မတလမှ (ယ)အက္ခရာပြောင်း မော်တော်ဆိုင်ကယ်များ၏ ဖောင်းကြွနံပါတ်ပြားများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်ပေးခြင်း စီမံချက်မှ ၃၀ယ/. . . . . အက္ခရာအထိ ဖောင်းကြွနံပါတ်ပြားများ ရောက်ရှိလျက်ရှိရာ ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်မှတ်ပုံတင်စာအုပ်၊ ဖောင်းကြွနံပါတ်ပြားဖိုး ငွေသွင်းပြေစာ၊ လာရောက်ထုတ်ယူသူ၏ နိုင်ငံသားစိစစ်ရေးကတ် (သို့) ယာဉ်မောင်းလိုင်စင်မိတ္တူပူးတွဲ၍ ရုံးချိန်အတွင်း ထုတ်ပေးလျက်ရှိသည့်အပြင် စနေရုံးပိတ်ရက်တွင်လည်း အထူးအစီအစဉ်ဖြင့် ထုတ်ပေးလျက်ရှိသည်။

မန္တလေးမြို့ရှိ အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် လိုင်စင်မဲ့ဆိုင်ကယ်များသည် ဖော့ပြား၌နံပါတ်အတုများ ရေးသားသွားလာနေ၍ စိစစ်နိုင်ရန်၊ ယာဉ်မတော်တဆမှု၊ ဆိုင်ကယ်စီးနင်းလုယက်မှုများတွင် ပြစ်မှုကျူးလွန်သူအား ခြေရာခံနိုင်ရန်ရည်ရွယ်၍ လိုင်စင်ရှိဆိုင်ကယ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနမှ ထုတ်ပေးထားသော ဖောင်းကြွနံပါတ်ပြားများတပ်ဆင်ရန် အသိပေးထားပြီး လိုက်နာမှုမရှိပါက ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစ၍ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**

ပြည်တွင်းရေးရာ

နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်း

နေပြည်တော် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုရင့်နောင်ကျော်ထင်နော်ရထာရုပ်တု အိမ်မဲမြို့၌ ဖွင့်

အိမ်မဲ ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် နောင်ရိုးတိုက်ပွဲအထိမ်းအမှတ် ဘုရင့်နောင် ကျောက်ရုပ်တု ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ခေတ္တအုပ်ချုပ်ရေးမှူး ဒုတိယဦးစီးမှူး ဦးသီဟစိုး၊ သမိုင်းပညာရှင် ဒေါက်တာတိုးလှ၊ အိမ်မဲမြို့နယ် အသင်းဥက္ကဋ္ဌဆရာကြီး ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အိမ်မဲမြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးဇော်ညွန့်(ငြိမ်း)က ဘုရင့်နောင်မင်းတရားကြီးရုပ်တု ထုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြသန်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မန်းငြိမ်းရွှေနှင့်ဌာနဆိုင်ရာအကြီးအကဲများက ရုပ်တုကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ည ၇ နာရီတွင် နောင်ရိုးတိုက်ပွဲ သမိုင်းသုတေသန ဟောပြောပွဲကို အိမ်မဲမြို့ အခြေခံပညာအထက်တန်း ရွှေညီလာခန်းမတွင် သမိုင်းပညာရှင် ဒေါက်တာတိုးလှ၊ ဒါရိုက်တာ အောင်စိုးဦးတို့က ဟောပြောခဲ့ကြောင်း သိရသည်။ **(ဇော်ထက်)**

တရုတ်တိုင်ပေနှင့် ရန်ကုန်ခရီးစဉ် အဲယားဘတ်စ် ၃၂၁ လေယာဉ်ဖြင့် ပြောင်းလဲပျံသန်းမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

တရုတ်တိုင်ပေနှင့် ရန်ကုန်အကြား ပျံသန်းပြေးဆွဲနေသော EVA AIR လေကြောင်းသည် ဇန်နဝါရီ ၁ ရက်မှ စတင်၍ A321 (အဲယားဘတ်စ် ၃၂၁) လေယာဉ်အမျိုးအစားဖြင့် ပြောင်းလဲပျံသန်းမည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

အောက်တိုဘာ ၉ ရက်မှ စတင်ပျံသန်းခဲ့သော EVA AIR သည် လက်ရှိတွင် ခရီးသည် ၁၄၀ ဆံ့သော MD 90 လေယာဉ်အမျိုးအစားဖြင့် တစ်ပတ်လျှင် သုံးရက်ပျံသန်းနေခြင်း ဖြစ်သည်။ ယခု A321 ဖြင့် ပျံသန်းပါက လေယာဉ်ခုံနေရာ စီးပွားရေး (Business Class) တန်းတွင် ရှစ်နေရာနှင့် ရိုးရိုးတန်း (Economic Class) တန်းတွင် ၁၇၆ နေရာ စုစုပေါင်း ၁၈၄ ခုံ တင်ဆောင်နိုင်မည်ဖြစ်ကြောင်း EVA AIR မှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **(၃၁)**

ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်

ပဲခူး ဒီဇင်ဘာ ၃၁

ပဲခူးမြို့နယ် ဥဿာမြို့သစ် ရပ်ကွက်ကြီး(၇)၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ခန့်အပ်ရွေးချယ်ခြင်းအား ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် အလက(၈) ကျောင်း၌ကျင်းပရာ ရပ်မိ ရပ်ဖငါးဦးမှ ကြီးကြပ်ပြီး ဆယ်အိမ်စုအလိုက် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ရာတွင် ယှဉ်ပြိုင် အုပ်ချုပ်ရေးမှူး ခြောက်ဦးအနက် ဦးကျော်ဆင့်က မဲအများဆုံးရရှိခဲ့ပြီး အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့သည့် ယင်းလုပ်ရပ်များအပေါ် ရပ်ကွက်ပြည်သူအများ ကျေနပ်အားရခဲ့ကြောင်းသိရသည်။**(၅၈၈)**

ပျဉ်းမနားတွင် ဒန့်သလွန်ပင်မှ မြွေနဂါးပုံသဏ္ဌာန်အသီး ထူးထူးဆန်းဆန်းသီးခဲ့

ပျဉ်းမနား ဒီဇင်ဘာ ၃၁

နေပြည်တော် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် (၉)လမ်းရှိ အိမ်အမှတ်(၉/၆) ဦးညွန့်ဝင်း-ဒေါ်ဝေဝေတို့အိမ်ခြံအတွင်း စိုက်ပျိုးထားသော ဒန့်သလွန်ပင်မှ အသီးတစ်ခုမှာ ထူးထူးဆန်းဆန်း တွန့်လိမ်၍ မြွေတစ်ကောင်ခွေနေသောပုံစံ(သို့) နဂါးပုံစံကဲ့သို့ **(ယာပုံ)**တွေ့ရှိခဲ့ရသည်။ အဆိုပါဒန့်သလွန်သီးအား ဦးညွန့်ဝင်း-ဒေါ်ဝေဝေတို့မှ ရွှေချထားကာ အိမ်ရှိဘုရားစင်ပေါ်တွင် လှူထားသည်ကို ဒီဇင်ဘာ ၂၉ ရက်က တွေ့မြင်ခဲ့ရသည်။ အဆိုပါ ရွှေချထားသော မြွေနဂါးပုံသဏ္ဌာန် ဒန့်သလွန်သီးအား သတင်းကြားသူများမှ တဖွဲဖွဲလာရောက်ကြည့်ရှုကြကြောင်းနှင့် အဆိုပါဒန့်သလွန်ပင်အားလွန်ခဲ့သော ခြောက်နှစ်ခန့်မှ စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း ပိုင်ရှင်က ပြောပြခဲ့သည်။ **(မြင့်အောင်)**

လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု တာချီလိတ်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၃၁

(၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဓမ္မသစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီး ဦးတူးမောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၂၀၀ နှင့် အကျယ် ၁၂ ပေရှိပြီး စုစုပေါင်းငွေကျပ် ၁၇၆ သိန်းဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း အောင်လက်မှတ် ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံစာရင်းကောင်စီ၏ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ရန်ကုန်မြို့၌ ကျင်းပရာ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဌ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး ဒီပလိုမာစာရင်းကိုင် စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများအား ဆုတံဆိပ်၊ ငွေသားဆုငွေများနှင့် ဒုတိယပိုင်းစာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၂၂) ငုဝါလမ်း မြေညီထပ်နေ ဦးစန်းမြင့်-ဒေါ်ဝင်းမင်းသန်း မိသားစုက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများရှိ ဝန်ထမ်းများအတွက် ငွေကျပ် ၁၃၄၅၇ သန်း တန်ဖိုးရှိ စာရေးကိရိယာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၃၁

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ထိုင်းနိုင်ငံ Chachoengsao Province အုပ်ချုပ်ရေးမှူး Mr. Rerngsak Mahavinitchaimontri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဘားအံခရစ်ယာန်အသင်းတော်များကောင်စီက ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် ခရစ်တော် မွေးနေ့တော် (ခရစ္စမတ်) အကြိုဝတ်ပြုခြင်းနှင့် မိတ်သဟာ ညနေစာစားပွဲကို ညနေပိုင်းတွင် ရှင်ပေတရု အသင်းတော် ဘီးရှော့ကုန်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်ပြီး ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဒီဇင်ဘာ ၂၁ ရက်တွင် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၂ ခုနှစ် ကရင်ပြည်နယ် ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်က အမှာစကားပြောကြားသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ထိုင်း-မြန်မာ ချစ်ကြည်ရေး ဂေါက်သီးရိုက်အဖွဲ့မှ အားကစားပစ္စည်းများ လှူဒါန်းပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်သည်။

ထို့နောက် ဘားအံမြို့ အမှတ်(၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရှင်သန်ခြင်း ဆိုင်ကယ်(TAXI) လုပ်သားများ သမဝါယမအသင်းလီမိတက်၊ ဖြိုးသီရိ လက်လုပ်လက်စား ငွေစုငွေချေးသမဝါယမ အသင်းလီမိတက်နှင့် မြင့်မြတ်အိမ် စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်တို့၏ ချေးငွေပေးအပ်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အသင်းသားကိုယ်စားလှယ်များအား ချေးငွေများပေးအပ်ခဲ့သည်။

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် သမဝါယမအသင်းသား စုစုပေါင်း ၈၀ အတွက် ချေးငွေကျပ်သိန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်တွင် နိုင်လွန်ကတ္တရာခင်း လိုက်နာရမည့်စည်းကမ်းများ ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော်ကောင်စီ နယ်နိမိတ်အတွင်းမြို့တော်အင်္ဂါရပ်နှင့်အညီ လမ်း၊ တံတားများ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အဆင့်မီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ သပြေကုန်းအပိုင်းမှ လေဆိပ်အထိ ကွန်ကရစ်ကားလမ်းပေါ် နိုင်လွန်ကတ္တရာများ အဆင့်မြင့်ခင်းကျင်းထားရှိမှုနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များ ထုတ်ပြန်ထားသည်။

(က) နိုင်လွန် ကတ္တရာခင်းထားသော လမ်းများပေါ်သို့ ကိုယ်ပိုင်လူစီးယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ဝန်ထမ်း ကြို/ပို့ယာဉ်များမှအပ ကျန်မည်သည့်ယာဉ်မျှ တက်ရောက်မောင်းနှင်ခြင်းမပြုရန်၊

(ခ) မည်သည့်ယာဉ်မဆို မျက်နှာချင်းဆိုင်ယာဉ်ကြောသို့ ကွေ့ရန်လိုအပ်မှသာ နိုင်လွန်ကတ္တရာလမ်းပေါ်မှ ဖြတ်သန်းမောင်းနှင်ရန်၊

(ဂ) အထက်အပိုဒ်ခွဲ(က)၊ (ခ)အရ နိုင်လွန်ကတ္တရာလမ်းများပေါ်သို့ တက်ရောက် မောင်းနှင်သောယာဉ်သည် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း မောင်းနှင်ရန်။

မည်သူမဆို ဤအမိန့်ကြေညာစာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို နေပြည်တော် နယ်နိမိတ်အတွင်း ဖောက်ဖျက်ကျူးလွန် (သို့)လိုက်နာရန်ပျက်ကွက်ပါက နေပြည်တော်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၂၆ အရ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အရေးယူခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်းကို မြို့တော်ဝန်ကိုယ်စား ဦးဝင်းငွေ (တွဲဖက်အတွင်းရေးမှူး)က ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် စာအမှတ်/၂-၃/နပတ (ကော်မတီ) မှ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

(ကျော်သူရ)

အင်းလေးဒေသဟိုတယ်ဇုန်လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိ

တောင်ကြီး ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ် အင်းလေးဒေသ ဟိုတယ်ဇုန်ဖော်ထုတ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးစီးကော်မတီဥက္ကဌက ဟိုတယ်ဇုန်တည်ဆောက်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ်မှစတင်ပြီး ပြည်နယ်အစိုးရ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရအဖွဲ့ရုံးတို့သို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ခဲ့မှုအခြေအနေနှင့် စိုက်ပျိုးမြေ အသုံးချမှုအနည်းဆုံးဖြစ်ပြီး အင်းလေးကန်ရေပြင်နှင့်ဝန်းကျင်အလှအပ ပသာဒများအား စိုးမိုးမြင်နိုင်ခြင်း၊ ကားလမ်းနှင့် အင်းရေပြင်အကြား လယ်ကွင်း၊ စိုက်ပျိုးမြေများမရှိခြင်း၊ အလိုတော်ပေါက်ဘုရားနှင့်နီးခြင်း၊ ညောင်ရွှေမြို့မှ ၁၅ မိုင်ခန့်သာ ကွာဝေးပြီး ညောင်ရွှေ-နမ့်ပန်-တုံတုံးကားလမ်းအတိုင်းဆက်သွယ်အသုံးပြုနိုင်ခြင်းကြောင့် အင်းလေးအရှေ့ကြိုးဝိုင်းအတွင်းမှ မြေ ၆၂၂ ဧကအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ နှစ် ၆၀ ငှားရမ်းခွင့်ရရှိခဲ့သဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လမ်းတံတားတည်ဆောက်ရေးကော်မတီမှ အကွက် ၁၄ ကွက်ဖော်ထုတ်ပြီး ပေ ၆၀ လမ်း ၆ ဒသမ ၀၁၃မိုင်၊ ပေ ၄၀ လမ်း ၃ ဒသမ ၀၄၆ မိုင်ဆောင်ရွက်ထားမှုနှင့် လက်ရှိဖော်ထုတ်ပြီးမြေဧကအနေဖြင့် ၃၂၈ ဒသမ ၂၅ ဧကရှိကြောင်း တင်ပြသည်။ ယင်းနောက်ရေရရှိရေးကော်မတီ၊ လျှပ်စစ်ဓာတ်အားရရှိရေးကော်မတီ၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကော်မတီ၊ ယာဉ်ကျေးမှု၊ သတင်းမှတ်တမ်းကော်မတီ၊ ရေလမ်းကြောင်းထိန်းသိမ်းရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေးကော်မတီ၊ သီးနှံလျော်ကြေးပေးရေးကော်မတီနှင့် လုံခြုံရေးကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ တင်ပြကြသည်။ အဆိုပါဟိုတယ်ဇုန်ဖော်ထုတ်ရာတွင် လယ်မြေ၊ ယာမြေ၊ သာသနာ့မြေများမပါရှိဘဲ အင်းလေးအရှေ့ကြိုးဝိုင်းအတွင်း ပါရှိသည့်မြေများကို အသုံးချဖော်ထုတ်ခြင်းဖြစ်ပြီး အဆိုပါသစ်တောမြေအတွင်းစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် ကျေးရွာခြောက်ရွာဖြစ်သည့် အင်ကြင်းကုန်း၊ ချောင်းပါး၊ ကန်ပွဲ၊ ညောင်ဝန်း၊ ဝက်သကင်၊ ဘုရားဖြူကျေးရွာတို့မှ ရွာသား ၈၃ ဦးစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် စိုက်ပျိုးမြေ ၁၉၄ ဒသမ ၀၇ ဧကမှ သီးနှံများဖြစ်သည့် စပါး၊ ကြံ၊ နေကြာ၊ မြေပဲ၊ ပန်းနှမ်း၊ ပြောင်း၊ ပဲစင်းငုံ၊ ခရမ်းချဉ်၊ နနွင်း၊ ကြက်သွန်နီ၊ သရက်၊ ငှက်ပျော၊ ဝါး၊ ပဲလုံး စသည့် စိုက်ပျိုးသီးနှံများအား သီးနှံလျော်ကြေးပေးအပ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ပထမပတ်အတွင်း လျော်ကြေးကိစ္စများ ပြီးပြတ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ရန် အသင့်ဖြစ်ပါက ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ မီဒီယာများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ထွန်း (TGI)

ပဲခူးနှင့် ရပ်စောက်မြို့နယ်တို့အတွင်း တရားမဝင် ကျွန်းခွဲသားများနှင့် အခြားသားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ယခုအခါ စုပါကာစတန်ကားများဖြင့် သစ်ခိုးနေခြင်းကို ဖမ်းဆီးခြင်းခံရသောကြောင့် ရန်ကုန်မြို့မှ Alphard, Cardina စသည့်ကားငယ်များဖြင့် ကားတစ်စီးလျှင် သုည ဒသမ ၅ တန်မှ သုည ဒသမ ၇၅ တန်ခန့် သယ်ဆောင်ခိုးသွင်းနေကြောင်း၊ ဒေသစုံမှ တရားမဝင်သစ်များကို ပဲခူးမြို့နယ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် တောတွင်းနေရာများတွင် စုပုံကာ ကားငယ်များဖြင့် ရန်ကုန်မြို့တွင်းသို့ သယ်ဆောင်ခိုးသွင်းနေကြောင်း သတင်းအရ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှသစ်တောဝန်ထမ်းများသည် တရား မဝင်သစ်ဖမ်းဆီးဖော်ထုတ်နှိမ်နင်းရေးဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၅ ရက်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၃၇/၄)မှ အနောက်ဘက် တစ်မိုင်ခန့်အကွာ စစ်ပင်ဆိပ်ချောင်းကမ်းပါး နေရာနှစ်ခုမှ တရားမဝင် ကျွန်းခွဲသား ၁၄၈ ချောင်း (၆ ဒသမ ၃၉၈၈) တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး တရားခံဖော်ထုတ် အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်မှ သစ်တောဝန်ထမ်းများသည် ဒီဇင်ဘာ ၂၆ ရက်တွင် ရပ်စောက်မြို့နယ် ထီးခမ်းဘိနယ် ဘုရားကုန်းကျေးရွာအနီး နမ့်အွန်-နမ့်စံ ကြိုးပြင်ကာကွယ်တောအတွင်း နေရာနှစ်ခုမှ တရားမဝင်အင်သစ် (ခွဲသား/သစ်လုံး/တိုင်) ၁၇ဒသမ ၉၁၀၈ တန်၊ မော်တော်ယာဉ် သုံးစီးနှင့်အတူ တရားခံသုံးဦးအား ဖမ်းဆီးရမိပြီး သစ်တောဥပဒေပုဒ်မ ၄၁(က)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

GOLDEN SPIDER
ကျိုက်ထီးရိုး
ချောင်းသာ
3.1.2013
09.73130346/09.423720047

ပညာရပ်ဆိုင်ရာ စာရွက်စာတမ်းများနှင့် အထွေထွေ အကြောင်းအရာများအား အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှအင်္ဂလိပ် ကျွမ်းကျင်စွာ ဘာသာပြန်ပေးသည်။
ဖုန်း-၀၉-၄၂၀၀၃၁၈၆၆

အသိပေးတောင်းပန်ခြင်း

၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ဆုချီးမြှင့်မည့် THE ART OF FREEDOM FILM & MUSIC FESTIVAL ကို အခြေအနေအရ ရက်ရွှေ့ဆိုင်းလိုက်ရပါသည်။ ပြန်လည်ကျင်းပမည့် နေ့ရက်၊ နေရာ၊ အချိန်တို့ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း တောင်းပန်ရင်း အသိပေးကြေညာအပ်ပါသည်။

ပွဲတော်ဖြစ်မြောက်ရေးကော်မတီ

အလောင်းတော်ကဿပ
3 Jan A/C Express 45000
မျိုးမြတ်သူ 0973062605 0949304244

ဖုန်း 09 421063033 09 43117021
ကျိုက်ထီးရိုး/ချောင်းသာ
စရိတ်ငြိမ်း - 35000/50000
Package

အနုပညာ

ဂျိန်းစ်ဘွန်းဇာတ်ကားသက်တမ်းတစ်လျှောက် ပထမဆုံးမှတ်တိုင်ထူနိုင်ခဲ့သည့် Skyfall

ဂျိန်းစ်ဘွန်းမင်းသား ဒန်နီရယ်လ်ခရစ်ချ် သရုပ်ဆောင်ထားသည့် ဂျိန်းစ်ဘွန်းဇာတ်ကားသစ် Skyfall သည် ခရစ္စမတ်အားလပ်ရက်၌ ကမ္ဘာတစ်ဝန်းရုံတင်ပြသမှုတွင် ပထဆုံးအကြိမ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရရှိခဲ့ပြီး ဂျိန်းစ်ဘွန်းဇာတ်ကားများတွင် ဝင်ငွေအရရှိဆုံးဇာတ်ကားအဖြစ် စံချိန်သစ်တင်လိုက်ပြီ ဖြစ်သည်။

ယင်းဇာတ်ကားသည် နိုင်ငံတကာ ရုံတင်ပြသမှုတွင် ဒေါ်လာ ၇၁၀၆၀၀၀၀၀ နှင့် အမေရိကန်ပြည်တွင်း၌ ရုံတင်ပြသမှုတွင် ဒေါ်လာ ၂၈၉၆၀၀၀၀၀ တို့ စံချိန်တင် ဝင်ငွေရရှိခဲ့သည်။ ယင်းမှာ ဂျိန်းစ်ဘွန်းဇာတ်ကား သက်တမ်းတစ်လျှောက်တွင် ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် မှတ်တိုင်ထူနိုင်ခြင်းဖြစ်သည်။

အော်စကာဆုရ ဒါရိုက်တာ ဆမ်မန်းဒက်စ်က Skyfall ဇာတ်ကားကို ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ယင်းဇာတ်ကားရောင်းအားမြှင့်တင်ရန်အတွက် နှစ်သစ်တွင် တရုတ်၌ ဖြန့်ဖြူးရောင်းချသွားရန် ရည်ရွယ်ထားသည်။ ဗြိတိန်နိုင်ငံ၌ ရုံတင်ပြသမှုမှာ ပေါင်သန်း ၁၀၀ ဝင်ငွေရရှိခဲ့ခြင်းဖြစ်ပြီး ယင်းမှာလည်း မှတ်တိုင်သစ်တစ်ရပ်ပင် ဖြစ်သည်။

ပြသနေဆဲဖြစ်သော ဂျိန်းစ်ဘွန်းဇာတ်ကား Skyfall သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် Blue-ray နှင့် DVD အခွေများ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။

ဇေယျာလင်း

ဘီယွန်စေး၏ ပရိသတ်များအတွက် အခွင့်အရေးကောင်း

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပမည့် နယူးအော်လန်နိုင်ငံ၏ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဆိုတော် ဘီယွန်စေးက ပွဲချိန်တစ်ဝက်တိတိ လာရောက်ဖျော်ဖြေမည်ဖြစ်ပြီး ပရိသတ်များအနေဖြင့် သူမနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြောင်း သိရသည်။

ဂရမ်မီဆုရှင် ဘီယွန်စေးက နယူးအော်လန်ရှိ မာစီးဒီးဘန့်ဇ်အားကစားရုံ၌ ကျင်းပမည့် အားကစားပွဲ ဖွင့်ပွဲအခမ်းအနားတွင် လာရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း ပတ်ပ်စီကုမ္ပဏီက ဒီဇင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယင်းပွဲတော်များအပြင် ဓာတ်ပုံပြိုင်ပွဲတစ်ခုပါ ပူးတွဲကျင်းပမည်ဖြစ်ပြီး ပရိသတ်များအနေဖြင့် ကိုယ်နေဟန်ထားအမျိုးမျိုးနှင့်ဓာတ်ပုံများ ပေးပို့ယှဉ်ပြိုင်နိုင်ပြီး ၎င်းတို့အနက်မှ အချို့ပုံများကို ဘီယွန်စေး၏ ဖျော်ဖြေရေးကဏ္ဍအစတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပြီး ၎င်းတို့အနက် ပရိသတ် ၅၀ အားရွေးချယ်၍ ဘီယွန်စေးနှင့်အတူ စင်မြင့်ထက်၌ သီဆိုဖျော်ဖြေခွင့်ရရှိကြမည်ဖြစ်သည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်လိုသူများသည် www. pepsi.com/halftime ဝက်ဘ်ဆိုက်တွင် အသေးစိတ်သွားရောက်ကြည့်ရှုနိုင်ပြီး ပြိုင်ပွဲနောက်ဆုံးရက်မှာ ဇန်နဝါရီ ၁၉ ရက်ဖြစ်သည်။ သို့သော် ဇန်နဝါရီ ၁၁ ရက်တွင် ဘီယွန်စေးနှင့်အတူ စင်မြင့်ထက်၌ ဖျော်ဖြေမည့်သူ ရွေးချယ်ခြင်းကို အပြီးသတ်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်

တောင်ကိုရီးယားမှ တေးဂီတအဖွဲ့နှစ်ဖွဲ့အား ၂၀၁၂ ခုနှစ်အတွင်း အကောင်းဆုံးဂီတဖျော်ဖြေပွဲ ပြုလုပ်သူများအဖြစ် မှတ်တမ်းတင်

ကမ္ဘာ့ဂီတလောကတွင် ကျယ်ပြန့်စွာ ထိုးဖောက်ဝင်ရောက်ခဲ့သည့် တောင်ကိုရီးယားအဆိုတော် Psy ၏ Gangnam Style တေးသီချင်းဗီဒီယိုကြောင့် အခြားသော တောင်ကိုရီးယား ဂီတကြယ်ပွင့်တို့ အနည်းငယ်မျှ အရောင်မှေးမှိန်ခဲ့ကြရသော်လည်း ကိုရီးယားလူငယ် ဂီတအဖွဲ့များကြောင့် မျက်နှာပြန်လည်ပွင့်လန်းခဲ့ကြရသည်။

တောင်ကိုရီးယားလူငယ် တေးဂီတအဖွဲ့နှစ်ဖွဲ့ဖြစ်သည့် Big Bang အဖွဲ့နှင့် 2NE 1 အဖွဲ့အား ၂၀၁၂ ခုနှစ်အတွင်း အကောင်းဆုံးဂီတဖျော်ဖြေပွဲ ပြုလုပ်ခဲ့သူများစာရင်းတွင် ထည့်သွင်းဂုဏ်ပြုခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက သတင်းဖော်ပြသည်။

Big Bang အဖွဲ့သည် ၎င်းတို့၏ ၂၀၁၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် Alive Galaxy Tour အမည်ရှိ ဂီတဖျော်ဖြေပွဲဖြင့်လည်းကောင်း၊ 2NE 1 အဖွဲ့က New Evolution World Tour ဂီတဖျော်ဖြေပွဲဖြင့် လည်းကောင်း ယင်းကဲ့သို့ ဂုဏ်ပြုခြင်းခံခဲ့ရကြောင်း သိရသည်။

2NE 1 အဖွဲ့က ၎င်းတို့၏ ဖျော်ဖြေရေးခရီးစဉ်ကို ယခုနှစ် ဇူလိုင် ၂၈ရက်က ဆိုးလ်မြို့မှ စတင်ကာ အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် လော့စ်အိန်ဂျလိစ်မြို့များသို့ လည်းကောင်း၊ ယင်းမှတစ်ဆင့် ဂျပန်နိုင်ငံရှိ မြို့လေးမြို့တွင် လည်းကောင်း ဖျော်ဖြေခဲ့ပြီး ထိုင်ဝမ်(တိုင်ပေ)နှင့် စင်ကာပူနိုင်ငံများသို့လည်း သွားရောက်ဖျော်ဖြေခဲ့သည်။

ထို့အတူ Big Bang အဖွဲ့က လွန်ခဲ့သည့် မတ်လက ဆိုးလ်မြို့မှစတင်ကာ အာရှနိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ ဖိလစ်ပိုင်နှင့် မလေးရှား စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံတွင် ဂီတဖျော်ဖြေပွဲပေါင်း ၄၈ ပွဲအထိ ကျင်းပခဲ့သည်။

ထို့အပြင် Big Bang အဖွဲ့၏ Alive Galaxy Tour ၏ နောက်ဆက်တွဲခရီးစဉ်အနေဖြင့် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ဖျော်ဖြေပွဲနှစ်ခု ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

အမိုက်မှောင်ဖုံးလွှမ်းနေသော ဇာတ်ကောင်ဖြစ်လာမည့် ဘောလိဝုဒ်မင်းသား ရာသစ်ရိုချန်

ဘောလိဝုဒ်စူပါမင်းသားတစ်ဦးဖြစ်သူ ရာသစ်ရိုချန်သည် Ko Mil Gaya နှင့် ယင်းဇာတ်ကား၏ ဒုတိယဇာတ်လမ်း Krrish ဇာတ်ကားတို့တွင် စူပါလူစွမ်းကောင်းအဖြစ် သရုပ်ဆောင်ခဲ့ရာ ကလေးပရိသတ်များစွာ၏ နှစ်သက်အားပေးမှုကို ရရှိခဲ့သည်။

Krrish 3 ဇာတ်ကားသည် အရွယ်ရောက် လူငယ်ပရိသတ်များအတွက် ပို၍ရည်ရွယ်ရိုက်ကူးလိမ့်မည်ဟု သတင်းအရင်းအမြစ်က ဆိုသည်။ မောဟဖုံးလွှမ်းခံရသည့် ဇာတ်ကောင်အဖြစ် ဟောလိဝုဒ်မင်းသား ပီတာပါကာ သရုပ်ဆောင်ခဲ့သည့် နောက်ဆုံး Spiderman ဇာတ်ကား၏လှုံ့ဆော်မှုအောက်တွင် Krrish 3 ဇာတ်ကားသည်လည်း မိမိ၏ မောဟစိတ်ကို ပြန်လည်တွန်းလှန် တိုက်ထုတ်ရသည့် အသွင်ကို မြင်ရဖွယ်ရှိသည်။ ကလေးများကို ဦးဆောင်သူတစ်ယောက်နှင့် ဂျာဒူးအမည်ရှိ ဂြိုဟ်သားတစ်ဦးတို့၏ မိတ်ဆွေသူငယ်ချင်းဖြစ်ပုံ ပထမပိုင်းဇာတ်ကားနှင့် အသွင်ကွဲပြားသွားမည်ဖြစ်သည်။

သို့သော် Krrish 3 ဇာတ်ကားတွင် အစောပိုင်းဇာတ်ကားများ၏ အရိပ်အမြွက်များလည်း ပါဝင်မည်ဖြစ်သည်။ မင်းသား ရာသစ်ကို လုပ်ကြံရန် တိရစ္ဆာန်စစ်သားများရှိသည့် ဂြိုဟ်သားတစ်ဦးကိုလည်း ထင်ထင်ရှားရှား ပုံဖော်ရိုက်ကူးထားသည်။

Krrish 3 ဇာတ်ကား၏ ခမ်းနားထည်ဝါသည့် အထူးပြုလုပ်ချက်များသည့် RA.One ဇာတ်ကားကဲ့သို့ အခြားစူပါလူစွမ်းကောင်းများကို ကျော်လွန်မည့် အစွန်းရောက်ဇာတ်လမ်းမျိုးမှ သွေဖည်လိမ့်မည်ဟု ဆိုကြသည်။

နှစ်သစ်မင်္ဂလာဆုမွန်ကောင်းတောင်းလွှာ

မုံရွာ ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော ရှောက်တစ်လုံးဝမ်းမှန်ဆေးနှင့် အခြားဆေးများကို ဖြန့်ဖြူးရောင်းချပေးသော အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ်များ၊ ဆေးဆိုင်များ၊ ဝန်ထမ်းများ၊ သုံးစွဲကျသော ရဟန်း၊ ရှင်လူ၊ မိဘပြည်သူများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံး ၁-၁-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်သစ်မင်္ဂလာမှစ၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး ကောင်းသောလိုရာဆန္ဒများ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

မုံရွာ ဆရာမိုး
သား-ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး
မြေး-မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း၊ မောင်မိုးပြည့်စုံဟိန်း
မုံရွာ ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု

ပရီမီယာလိဂ် ရင်ခုန်သံ… ၂၁

ပြီးခဲ့တဲ့နေ့က ကြားရက်ဖြစ်တဲ့ ဇန်နဝါရီ ၁၊ ၂၊ ၃ ရက်တွေမှာ ကျင်းပမယ့် ပွဲစဉ်(၂၁)အနက် ဇန်နဝါရီ ၁၊၂ ရက်တွေမှာ ကစားမယ့်ပွဲစဉ်တွေကို သုံးသပ်တင်ပြခဲ့ပြီးနောက် ကျန်နေသေးတဲ့ ဇန်နဝါရီ ၃ (ဗုဒ္ဓဟူးည၊ ကြာသပတေး နံနက် ၂း၁၅)မှာ ကစားမယ့်ပွဲတွေကို သုံးသပ်ပေးလိုက်ပါတယ်။

ချယ်လ်ဆီး Vs ကျူပီအာ

ပထမအကျော့ရလဒ်

(၁၅-၉-၂၀၁၂) ကျူပီအာ ၀-၀ ချယ်လ်ဆီး

ကျူပီအာဟာ တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ အသင်းဖြစ်သလို လက်ရှိကစားပုံကလည်း တည်ငြိမ်မှုရှိပါတယ်။ အထူးသဖြင့် အသင်းလိုက်ကစားပုံတည်ငြိမ်ပြီး ခံစစ်ပိုင်းက ကျစ်လျစ်မှုရှိသလို ဒါဘီစိတ်ဓာတ်နဲ့ ခံကစားသွားမယ့် အခြေအနေကလည်း ရှိတယ်။ ချယ်လ်ဆီးက ခြေကောင်းပြီး နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ကပ်ပြီးသာ နိုင်ခြေရှိပါတယ်။

လီဗာပူး Vs ဆန်းဒါးလန်း

ပထမအကျော့ရလဒ်

(၁၅-၉-၁၂) ဆန်းဒါးလန်း ၁-၁ လီဗာပူး

ဆန်းဒါးလန်းက ခြေမငြိမ်ဘူး။ တိုက်စစ်က ဖလက်ချာဂိုးပေါက် ပျောက်တဲ့အခါ ဂိုးရရေး ရုန်းကန်ရတတ်တယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ ခြေပိုမိုအားပျော့တတ်တယ်။ လီဗာပူးက အမှားမခံတဲ့ အခြေအနေဖြစ်သလို အိမ်ကွင်းလည်းဖြစ်တဲ့အတွက် ဖိအားပေးပြီး ကပ်နိုင်သွားမှာပါ။

နယူးကာဆယ် Vs အဲဗာတန်

ပထမအကျော့ရလဒ်

(၁၈-၉-၁၂) အဲဗာတန် ၂-၂ နယူးကာဆယ်

နယူးကာဆယ်ရဲ့ခြေက အကျဘက်ရောက်နေတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေမငြိမ်ဘူး။ အိမ်ကွင်းမှာဖြစ်ပေမယ့်လည်း ကစားပုံတည်ငြိမ်တဲ့ အဲဗာတန်ကို အသာရဖို့ ခက်တယ်။ နယူးကာဆယ်အနေနဲ့ အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာဖြစ်ပေမယ့်လည်း အမြင့်ဆုံးသရေလောက်ပဲရမယ်။

ရှိုင်းမင်းမင်း

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင် မူးယစ်ဆေး

ဝက်စ်လေရှနိုက်ဒါကို လီဗာပူး ပစ်မှတ်ထားနေ

လီဗာပူးအသင်းသည် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းမှ နယ်သာလန်ကြယ်ပွင့် ဝက်စ်လေရှနိုက်ဒါအား ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကြေး ပေါင် ၉ ဒသမ ၅ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း လီဗာပူးအသင်း တာဝန်ရှိသူများက အခိုင်အမာပြောကြားခဲ့သည်။

အင်တာမီလန်တိုက်စစ်မှူး ဝက်စ်လေရှနိုက်ဒါသည် အသင်းကလစာငွေပေါင် ၁ ဒသမ ၆ သန်းလျှော့ချရန် အကြံပြုခဲ့ပြီးနောက် အင်တာမီလန်နှင့် အငြင်းပွားမှု ဖြစ်ပွားခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ အင်တာမီလန်တိုက်စစ်မှူး ဝက်စ်လေရှနိုက်ဒါ၏ တစ်ပတ်လုပ်ခလစာသည် ပေါင် ၂၀၀၀၀၀ ဖြစ်ပြီး အငြင်းပွားမှုဖြစ်ပွားခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းမှ ထွက်ခွာရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

"ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ကျွန်တော် အသင်းပြောင်းရွှေ့ကစားခဲ့ရင်တောင် အင်တာမီလန်ကစားသမားတွေအတွက် အကောင်းဆုံးဖြစ်လာဦးမှာပါ"ဟုပင် ရှနိုက်ဒါက ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။

အငြင်းပွားမှုတွေနဲ့ပတ်သက်ပြီး ရှနိုက်ဒါက "ပြဿနာမရှိပါဘူး၊ ဘယ်အသင်းကမှ မခေါ်ရင်တောင် လက်ရှိစာချုပ်ချုပ်ဆိုထားတဲ့ စာချုပ်အရ၂၀၁၅ ခုနှစ်အထိတော့ အင်တာမီလန်မှာ ဆက်ရှိနေဦးမှာပါ"ဟုလည်းပြောကြားခဲ့သည်။ဝက်စ်လေစနိုက်ဒါသည် ဘရန်ဒန်ရော့ဂျာ ကိုင်တွယ်လျက်ရှိသော လီဗာပူးအသင်းအပြင် စပါးနှင့် မန်ယူအသင်းများသို့ သွားရောက်ကစားရန်လည်း ချိတ်ဆက်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

နာနီနှင့်ဒီဂီယာကိုရောင်းကာ ရိုနယ်လ်ဒိုကိုဝယ်ယူလိုတဲ့မန်ယူ

မန်ယူအသင်းသည် ပရီမီယာလိဂ် လက်ရှိအမှတ်ပေးဇယားထိပ်၌ ဦးဆောင်လျက်ရှိပြီး တိုက်စစ်မှူး ဗန်ပါစီ၊ ရွှန်းနီတို့နှင့်အတူ တွဲဖက်၍ တိုက်စစ်အားမြှင့်တင်ရန် မန်ယူကစားသမားဟောင်း ခရစ္စတီယာနိုရိုနယ်လ်ဒိုအား ပစ်မှတ်ထားလျက်ရှိသည်။

မန်ယူနည်းပြကြီး ဆာအဲလက်စ်ဖာဂူဆန်သည် လက်ရှိအသင်း၏ လက်စွမ်းပြ ဂိုးသမားဒေးဗစ်ဒီဂီယာနှင့် တောင်ပံကစားသမားနာနီတို့ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ ဖြင့်ရောင်းချကာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီကြယ်ပွင့် ခရစ္စတီယာနိုရိုနယ်လ်ဒိုအား အိုးထရက်ဖို့ဒ်သို့ ပြန်လည်ခေါ်ယူရန်စဉ်းစားလျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်တောင်ပံကစားသမား စီရိုနယ်လ်ဒိုကမူ လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းနှစ်နှစ်ကျန်နေသေးပြီး ဘာနေဗျူးကို စွန့်ခွာရန်ဆန္ဒမရှိသေးကြောင်း ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့အတွင်းက ပြောကြားခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာဖြစ်ခဲ့ပါက ၎င်းအားခေါ်ယူရန် ကြိုးပမ်းနေသည့် အသင်းဟောင်း မန်ယူနှင့် ပီအက်ဂျီအသင်းသို့ပြောင်းရွှေ့ကစားမည်ဟုဆိုသည်။

ထို့ကြောင့်မန်ယူအသင်းအနေဖြင့် ပေါ်တူဂီတောင်ပံကစားသမား ခရစ္စတီယာနိုရိုနယ်လ်ဒိုအား တစ်ပတ်လုပ်ခလစာပေါင် ၃၀၀၀၀၀ ပေးမည်ဟုဆိုသည်။

သို့ရာတွင် ပြင်သစ်ပထမတန်းအသင်းများထဲတွင် ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းကမူ စီရိုနယ်လ်ဒိုအနေဖြင့် ပြင်သစ်ကလပ်သို့ လာရောက်ကစားမည်ဆိုပါက တစ်ပတ်လုပ်ခလစာ ပေါင် ၅၀၀၀၀၀ အထိပေးမည်ဟု ဆိုသည်။

နိုင်လင်းကြည်

လိုင်လီမှဒီဘူချီ နယူးကာဆယ်နှင့် စာချုပ်ရန်သဘောတူညီ

ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းသည် ပြင်သစ်ကလပ် လိုင်လီအသင်းမှ နောက်တန်းကစားသမား ဒီဘူချီအား စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ကြောင်းသိရသည်။

အသက်(၂၇)နှစ်အရွယ် ပြင်သစ်ညာနောက်ခံကစားသမား ဒီဘူချီသည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ပြင်သစ်အသင်းတွက် အကောင်းဆုံးခြေစွမ်းပြကစားပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အသင်းသစ်ရှာဖွေကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သူဖြစ်သည်။

နယူးကာဆယ်အသင်းသည် နောက်တန်းကစားသမား ဒီဘူချီအား အလွတ်ပြောင်းရွှေ့ကြေး ပေါင် ၅ သန်းဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူမည်ဟုလည်းဆိုသည်။

နယူးကာဆယ်အသင်းသည် ၂၀၁၁ ခုနှစ် ဇွန်လအတွင်းကလည်း လိုင်လီအသင်းမှ ကွင်းလယ်ကစားသမား ယိုဟန်ကာဗာရီအား အလွတ်ပြောင်းရွှေ့ကြေးပေါင် ၄ ဒသမ ၃သန်းဖြင့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခေါ်ယူခဲ့သည်။

လိုင်လီနောက်တန်းကစားသမား ဒီဘူချီသည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ပြင်သစ်အသင်း၏ ပွဲစဉ်လေးပွဲလုံးတွင် ပါဝင်ကစားပေးခဲ့ပြီး နိုင်ငံလက်ရွေးစင်အဖြစ် ၁၃ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။

နယူးကာဆယ်အသင်းသည် လက်ရှိဘယ်နောက်ခံကစားသမား ဒန်နီဆင်မ်ဆန်အား စာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းနေသည့်အပြင် ယင်းနေရာတွင် အစားထိုးကစားနိုင်ရန်အတွက် ဒီဘူချီကို ပစ်မှတ်ထားလာခဲ့ခြင်းလည်းဖြစ်သည်။

တစ်မူထူးခြား FULLY LIGHT ရီးသွား
သကြၤန်မှာပြန်လည်စုံစည်းကြပါစို့!
B-801, Dagon Center (I),Bargayar Road,
Myaynigone, Sanchaung T/s, Yangon.
PH: 01-503815 01-516932 01-516964 01-516985

ချမ်းပိုင်သစ္စာ ❖ (တး/တည်း ငြိမ်း) 85000
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကျိုက်ထီးရိုး(အထူး) ရင်ပြင်တော်အရောက်
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ (သိတင်္ဂနွေ)
(အပတ်စဉ်သောကြာ)
0973198239, 0943033237, 0973163538

SPECIAL REPORT : Apple in 2013
NetGuidE
IT, Electronics & Communication Journal
Vol. 2, No. 67
5 Minutes Guide, Website Index . . .
လာမည့်နှစ်တွင် ဈေးနှုန်းလျှော့ချမည့် မိုဘိုင်းဖုန်းများကို
ရန်ကုန်မြို့တွင် နေရာအများအပြား ရောင်းချမည်
◆ News : မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်
ဒုတိယမူကြမ်းဆိုင်ရာ ဆွေးနွေး
◆ News : ATM ငွေထုတ်စက်ရှိရာ ၄၅ နေရာတွင် ငွေထုတ်ယူ အသုံးပြုနိုင်
◆ Article : နည်းပညာကြောင့် ဆေးကုသ ဈေးကြီးကုန်တာလား ?
◆ Article : တိုးတက်မှုများစွာနှင့် Corel Paint Shop Pro 5
◆ Tips : PC Remote Control & Online Meeting with Team Viewer
Collection – Laptops, Audio, Electronics, Camera and New Products Reviews
Mobile – Top 10, Spec Show, Comparison
Vol. 2, No. 68 အတွက် ကြော်ငြာပိတ်ရက်
၄-၁-၂၀၁၃ (သောကြာနေ့)
ဆက်သွယ်ရန်ဖုန်းနံပါတ် : 224711
email: netguidemyanmar@gmail.com
လပေးမှာယူလိုပါက ဖုန်း – ၃၉၁၁၈၆၊ ၀၉၅၁ ၈၈၅၅၀

the Standard Time
WEEKLY

သတင်းဂျာနယ် အခင်းအကျင်းနှင့်အညီ စေ့ငု၊ လေ့လာ၊ ဖတ်ရှု
သိမ်းဆည်းထားရမည့် ပြည်တွင်း၊ ပြည်ပဖြစ်ရပ်ဖြစ်စဉ် သုတ၊ ရသ
အဖုံဖုံကဏ္ဍစုံလင်စွာဖြင့် ထွက်ပြီ !
သတင်း၊ ဆောင်းပါး ကာတွန်း၊ ဓာတ်ပုံ ကြော်ငြာ၊ ဖြန့်ချိ ကိစ္စရပ်များအတွက် ဆက်သွယ်နိုင်ကြပါပြီ။
ဆက်သွယ်ရန် ။ အမှတ်-၄၆ (A)၊ ကျိုက်တော်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၉၀၀၀၀၃၇၊ ၉၀၀၀၀၃၉၊ ကြော်ငြာ၊ ဖြန့်ချိရေး ဖုန်း - ၀၉ ၅၄၀၂၇၃၃ e-mail : sdtimeweekly@gmail.com

အလုပ်ရှာပေးမည်ဆိုပြီး ကာရာအိုကေဆိုင်သို့ပို့သူအား ထောင်ဒဏ် ၁၂ နှစ်ချမှတ်

ရန်ကုန် ဒီဇင်ဘာ ၃၁

အမျိုးသမီးငယ်တစ်ဦးအား အလုပ်ရှာပေးမည်ဆိုကာ ကာရာအိုကေဆိုင်သို့ ပို့ဆောင်ခဲ့သည်ဆိုသော ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ မအိစံ(ခ) မအေးအေးထက်(၃၄)နှစ်အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၂)နှစ် ကျခံစေရန်နှင့် သိမ်းဆည်းရမိသည့် သက်သေခံငွေကျပ် ၄၅၀၀၀ အား ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းပြီး နစ်နာသူ အမျိုးသမီးအား ထုတ်ပေးစေရန် မြောက်ပိုင်းခရိုင်တရားရုံးက ဒီဇင်ဘာ ၁၁ ရက်တွင် အမိန့်ချမှတ်လိုက်သည်။

ဖြစ်စဉ်မှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီခန့်တွင် လှိုင်သာယာမြို့နယ်နေ အသက် (၃၆)နှစ်အရွယ် တရားလို(မိခင်)သည် နေအိမ်သို့ပြန်လာရာ အသက်(၁၅)နှစ်အရွယ် သမီးအား မတွေ့၍ လှိုင်သာယာရဲစခန်း၌ လူပျောက်အမှတ်စဉ် ၁၄/၂၀၁၁ ဖြင့် အမှုဖွင့်ခဲ့သည်။ ထို့နောက် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် သမီးဖြစ်သူမှာ ဧရာဝတီတိုင်းဒေသကြီး မြို့တစ်မြို့ရှိကာရာအိုကေဆိုင်၌ ရောက်ရှိနေကြောင်း သိရှိရ၍ သွားရောက်ခေါ်ဆောင်မေးမြန်းရာ မအိစံတို့မှ အလုပ်ရှာပေးမည်ဟုပြောပြီး ယင်းဆိုင်တွင် စားပွဲထိုးအဖြစ်လုပ်ကိုင်စေခဲ့ကြောင်း သိရှိရ၍ အမေဖြစ်သူက တိုင်ကြားသဖြင့် လှိုင်သာယာရဲစခန်းက(ပ) ၂၁၆/၂၀၁၁ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အရေးယူခဲ့သည်။

သက်ဆိုင်ရာက အမှုအား စုံစမ်းစစ်ဆေးပြီး ဥပဒေအကြံပြုချက် တောင်းခံခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ဥပဒေရုံးမှ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် အမှုမှ အခြားသူ သုံးဦးအား ပုဒ်မ ၃၆၃ အရ သီးခြားတရားစွဲဆိုရန်နှင့် မအိစံ(ခ)မအေးအေးထက်အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုသင့်ကြောင်း အကြံပြုပြန်ကြားခဲ့သည်။ထို့ကြောင့်ယင်းအမှုကို မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာ ပြစ်မှုကြီး အမှတ် ၅၁/၂၀၁၁ ဖြင့် လက်ခံစစ်ဆေးပြီး အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ **(၃၁)**

မကွေးခရိုင်တရားရုံးက လူသတ်မှု အမိန့်ချမှတ်

တောင်တွင်းကြီး ဒီဇင်ဘာ ၃၁

မကွေးခရိုင် တရားသူကြီးရုံးက တောင်တွင်းကြီးမြို့နယ် ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေ အောင်မင်းအား လူသတ်မှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇)နှစ် ကျခံစေရန် ဒီဇင်ဘာ ၂၇ ရက်က အမိန့်ချမှတ်လိုက်ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၈ ရက်ည ၈ နာရီခန့်က ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေ မခင်ကြူသည် ယောက္ခမဖြစ်သူ ဒေါ်သန်းညွန့်၏ နေအိမ်အတွင်းရှိနေစဉ် ခင်ပွန်းဖြစ်သူ အောင်လင်းနှင့် ၎င်း၏ညီဖြစ်သူ အောင်မင်းတို့ အရက်မူးပြီး တစ်ယောက်တစ်ခွန်းစကားများရာမှ အောင်မင်းက ခင်ပွန်းဖြစ်သူအား ဓားဖြင့် ခုတ်သတ်သဖြင့် အောင်လင်းသေဆုံးသွားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မခင်ကြူမှ ၎င်း၏ခင်ပွန်းဖြစ်သူ အောင်လင်းအား ဓားဖြင့်ခုတ်သတ်သူ အောင်မင်း(၃၅)နှစ် ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေသူအား ဥပဒေနှင့်အညီအရေးယူပေးပါရန် တရားလိုပြုတိုင်တန်းသဖြင့် ဆက်သွားရဲစခန်းက (ပ)၁၂၅/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်အရေးယူထားပြီး အမှုစစ်ရဲအုပ်စခန်းမှူးထွန်းထွန်းအောင်က အမှုအား ရဲစွဲချက်အမှတ် ၁၂၄/၂၀၁၂ ဖြင့် မကွေးခရိုင် တရားသူကြီးရုံးသို့ ဩဂုတ် ၂၄ ရက်တွင် တရားစွဲတင်ပို့ခဲ့ရာတရားရုံးက ပြစ်မှုကြီးအမှတ် ၁၉/၂၀၁၂ ဖြင့် လက်ခံကြားနာစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံအောင်မင်း (၃၅)နှစ် ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေသူအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)အရ ဒီဇင်ဘာ ၂၇ ရက်တွင် အလုပ်နှင့်ထောင်ဒဏ် (၇)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ **(၅၈၀)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

လားရှိုး ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁) ရန်တိုင်းအောင် ဘုရားဝင်း ဆင်းရွှေလီကဇာတ်ရုံအနီး လားရှိုးခရိုင်ရဲအုပ် မောင်မောင်ဦးနှင့် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးရောင်းဝယ်မှုပြုလုပ်မည့် သတင်းအရ မသင်္ကာဖွယ်ရာ အမျိုးသားတစ်ဦးအား တွေ့ရှိရ၍ စစ်ဆေးမေးမြန်းရာ အောင်ကြာ(၄၅)နှစ် ကန်မိုင်းရွာ ကွမ်လုံမြို့နေသူဖြစ်ကြောင်း သိရှိရပြီး သက်သေများရှေ့၌ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၎င်း၏ခါး၌ ပတ်ထားသည့် ခါးပတ်အိတ် (နီညိုရောင်)အတွင်းမှ ကြွပ်ကြွပ်အိတ် (အမဲရောင်)အား တိတ်အကြည်များဖြင့် ပတ်လျက် ကမ္ဘာလုံးပုံပါ အပြာရောင်အိတ်အသေးအတွင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ လေးအိတ်နှင့် ၁၈၆ ပြားပါ တစ်အိတ်၊ စုစုပေါင်း ၉၈၆ ပြား၊ အလေးချိန် ၈၈ ဒသမ ၇၄ ဂရမ်နှင့် ရွှေဟုယူဆရသော အလေးချိန် ခုနစ်ရွေးခန့်ရှိ ရွှေအစ နှစ်စ၊ ရွှေဟုယူဆရသော လက်စွပ်နှစ်ကွင်း၊ အလေးချိန် (၅ပဲ ၆ရွေး)ခန့်၊ ရွှေဟုယူရသော ခရုနန်း သံကွင်းပတ် ဟမ်းချိန်းတစ်ခု အလေးချိန် (၇ ပဲ ၅ရွေး)ခန့်တို့အား တွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများလက်ဝယ်တွေ့ရှိ သိမ်းဆည်းရမိခဲ့သည့် အောင်ကြာ(၄၅)နှစ်၊ ကန်မိုင်းရွာ၊ ကွမ်လုံမြို့နေသူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာဏီအောင်(လားရှိုး)

အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့

(Public Service Media Governing Body) က ရေးသားပြုစုထားသော -

- စာနယ်ဇင်းကျင့်ဝတ် (Code of Ethics)
- အများပြည်သူဝန်ဆောင်မှုသတင်းစာဆရာများ၏ လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများ (Code of conduct)
- သတင်းစာတိုက်၏ အခြေခံလုပ်ဆောင်မှု (Code of Practice)တို့ကိုစုစည်း၍ မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားသည့် စာအုပ်ထွက်ပြီ။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ဝယ်ယူနိုင်ပြီ

လေ့လာဖတ်ရှုလိုသူများအနေဖြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်အမှတ် (၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့နှင့် စာပေဗိမာန်အရောင်းဆိုင် သပြေကုန်းဈေး နေပြည်တော်တို့တွင် တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

မြင်းမူ ဒီဇင်ဘာ ၃၁

မြင်းမူမြို့နယ် ကန်တော်ရွာနှင့် ထီးဆောင်းရွာအကြား မိုင်တိုင်အမှတ်(၃/၅)နှင့် (၃/၆)ကြားတွင် ရှောက်ပင်ရိုးအုပ်စု ကျည်တောက်ပေါက်ကျေးရွာ စဥ့်ကူးမြို့နယ်နေ ကိုမောင်စိုး (ခ) ဦးအားဟွာ (၄၇)နှစ် (ရွှေလုပ်ငန်းလုပ်သူ) မောင်းနှင်သော ၃၀ယ/----- နယူးအန်ဘို ငှက်ခါးရောင်ဆိုင်ကယ်သည် တစ်ရွာတည်းနေ ဒေါ်မာ(၆၅)နှစ်အား တင်ဆောင်ပြီး မောင်းနှင်လာရာ မြင်းမူမြို့ ကန်တော်ရွာအလွန်တွင် နောက်မှလိုက်ပါစီးနင်းလာသူမှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး ဦးခေါင်းနောက်စေ့တွင် တစ်လက်မခန့်ပေါက်ပြဲပြီး မြင်းမူဆေးရုံသို့ရောက်ရှိပြီး သေဆုံးသွားခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူအား ဦးအားဟွာအား မြင်းမူရဲစခန်းက (ပ)၂၄၆/၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၀၄(က)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၆၉၄)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဗဟိုကော်မတီဝင်အဖြစ် အဆိုပြုရန်ရက် ထပ်မံတိုးမြှင့်ခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် အင်ဂျင်နီယာပညာရပ် တိုးတက်ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်ချမှတ်ထားသည့် ရည်ရွယ်ချက်နှင့်အညီ အသင်း၏ ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ ပါဝင်သော အထူးကော်မတီများ၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းကာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ တိုးတက်ရေးလုပ်ငန်းများ အောင်မြင်စွာလုပ်ဆောင်နိုင်ရန်အတွက် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ပေးနိုင်မည့် ဗဟိုကော်မတီဝင်များကို အသင်းမှ ဖိတ်ခေါ်ပါကြောင်းနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်တွင် ကျင်းပပြုလုပ်မည့် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံတွင် သင်းဖွဲ့စည်းမျဉ်းအရ (၂)နှစ်တစ်ကြိမ်ပြုလုပ်သည့် (၂၀၁၃-၂၀၁၄)ခုနှစ်သက်တမ်းအတွက် ဗဟိုကော်မတီဝင်များ ရွေးချယ်ခြင်းကိုပါ ပြုလုပ်မည်ဖြစ်ပါသဖြင့် ဗဟိုကော်မတီဝင်အဖြစ် အဆိုပြုလိုသူများသည် အသင်းတွင်သတ်မှတ်ထားသော အဆိုပြုလွှာကို ထုတ်ယူပြီး ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅နာရီ နောက်ဆုံးထား၍ ဖြည့်စွက်ပြီးအဆိုပြုလွှာကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ တက္ကသိုလ်များ(လှိုင်နယ်မြေ)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဖုန်းနံပါတ်-၅၁၉၆၇၆၊ ၅၁၉၈၅၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

To Open Mind and Knowledge of Society
MYANMAR NEWSWEEK JOURNAL
နောက်ဆုံးရပြည်တွင်းပြည်ပသတင်းစုံလင်စွာဖြင့် အင်္ဂါနေ့တိုင်းထွက်ပြီ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးစွဲ(ခ)ဦးကျင်စွဲ၏ ၁-၁-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်းများစွာ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း၊ အလုံးစုံပြည့်စုံပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို လျှောက်လှမ်းနိုင်ပါစေ . . .

ဦးမြသောင်း-ဒေါ်သန်းရွှေ (၅၅)လမ်း

ဦးနိုင်ဝင်း၊ ဦးကိုကိုစိုး
အားသစ် ဒုရဲအုပ် ဝင်ခွင့်
(A)Sat, Sun 9:00 (am)-12:00(am) (5.1.2013)စမည်
(A)Sat, Sun 12:00 (pm)-4:00(Pm) (5.1.2013)စမည်
(C)Tues to Fri 5:00 (pm)-6:30(pm)(8.1.2013)စမည်
သင်တန်းကြေး - ၃၀၀၀၀ ကျပ်
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
09 500 1599,09 4500 174 15, 09 8632973

ရွှေဥဒေါင်းမင်း
ပုပ္ပါး-ပုဂံ-စွယ်တော်(၄)ဆူ၊ ပြည်(၅)ပြည်
ဟိုတယ်တည်း/စားငြိမ်း အထူးနှုန်း 55000/-
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
09421122687,09425355758

AKM TRAVELS
• ကျိုက်ထီးရိုး (နေ့စဉ်)
• ချောင်းသာ (နေ့စဉ်)
• ငွေဆောင် (သောကြာ)
09-49001557, 09422456025

ကွမ်ကော်ရိပ်
M.O.B အက်ဂ်
လက်ထောက်မန်နေဂျာဝင်ခွင့်
အထောက်အကူပြုသင်တန်းများ
5.1.13 ရက်နေ့စမည်
Sat, Sun - 1:00 - 4:00 PM
သင်တန်းကြေး - 40000 Ks
GMAT နှင့် BASIC ACCOUNTING
ကိုတိကျစွာသင်ကြားပေးပါသည်။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ဒေါင်းငွေဥလွမ်းချင်း
အမှတ် ၂၅၀
ဇန်နဝါရီလ
ထွက်ပြီ

heart to heart
ကျန်းမာရေး၊ အနုပညာ နှင့် သုတ၊ ရသ ဂျာနယ် ထွက်ပြီ။
- ၂၀၁၁ ခုနှစ် အကယ်ဒမီပြင်ကွင်းစုံ
- အမျိုးသားများအား အဓိကအသက်ဆုံးရှုံးစေနိုင်သော ဘေးအန္တရာယ် ခုနစ်သွယ်
- ဗို/မ ကွဲလွဲချက်များကို သိပ္ပံနည်းကျ ဘယ်လိုညှိနှိုင်းပေါင်းစည်းမလဲ . .
- ထူးထွေဆန်းပြား နိုင်ငံတကာ သတင်းများ - ညို့မျက်ဝန်းရဲ့အလှအပတရား
- ဖုန်းရှေ့အဆောင် လာဘ်ကောင်လေးများ
- သရုပ်ဆောင်ပညာကို သေချာလေ့လာပြီးမှ ဇာတ်ကားတွေမှာ သရုပ်ဆောင်သွားမယ်ဆိုတဲ့ နန်းခင်ဇေယျာ. . . စသည် . .စသည်ဖြင့် ဖတ်ချင်စရာ ကဏ္ဍစုံလင်စွာ ဝေဝေဆာဆာ မြန်မာပြည်အနှံ့သို့ ၁-၁-၂၀၁၃ နေ့မှစ၍ ဖြန့်ချိလိုက်ပါပြီ။

သစ္စာဦးမင်း Travels & Tours
ကျိုက်ထီးရိုး - 12000/- Scania Only (VIP Seat 2 + 1)
ချောင်းသာ - 15000/- လေယာဉ်ထိုင်ခုံကားသစ်ကြီးများဖြင့် နေ့စဉ် နံနက်/ည ပုံမှန်ပြေးဆွဲပေးသွားပါမည်။
PH - 09 73143249, 09 73252239, 09 73252240

ASIA KING 01-387973, 09-43114301
Dec 28, Jan 3,4,11,18,25 ထွက်မည် ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ
Hotel 55000
Guest 65000
Package 75000
45000
25000
12000

ရွှေထူးလွင် ဘုရားဖူးပို့ဆောင်ရေး
အမှတ်(၄၄၄/၁)၊ မြေညီထပ်၊ ရွှေဘုံသာအထက်လမ်း။ Ph : 09450044494, 09450044496, 377921

အခန်းဆက်ဝတ္ထု

နွေကန္တာဦး

တက္ကသိုလ် ဘုန်းနိုင်

(ယမန်နေ့မှအဆက်)

သူက သက်ပြင်းရှိုက်ရင်း အမှန်ကို ဝန်ခံ၏။

'နုငယ်ကို ကိုယ်စကားစပြောရမှာ ကြောက်တယ်ကွယ်"

"ဘာ. . . နုငယ်ကို ကိုယ်က ကြောက်တယ်"

"ဟုတ်တယ်လေ၊ ကျောင်းမှာ နုငယ်ကို ကိုယ်စကား စလာပြောတိုင်း နုငယ်ကမှ မကြိုက်ဘဲ"

နုနုငယ်က အတန်ကြာ ငြိမ်နေ၏။ ထိုနောက်မှ ရယ်၏။

"ဟုတ်တယ်လေ၊ ကျောင်းမှာက ကိုယ်တို့က ကြောက်စရာ ကောင်းတယ်"

"ဘယ်လို၊ ကိုယ်တို့က ကြောက်စရာကောင်းတယ်"

"အင်းလေ၊ ကိုယ်တို့အားလုံးကို နုငယ်ကြောက်လိုက်တာ"

"အို. . . ကိုယ်တို့အားလုံးကို နုငယ် ကြောက်တယ်၊ ဘာဖြစ်လို့"

"ကိုယ် မြန်မာစကား မတတ်ဘူးလား၊ ကိုယ်တို့အားလုံးကို နုငယ် ကြောက်တာက ကြောက်လို့ပေါ့"

"သြော်. . ."ဟု ဆိုပြီး နှင်းငွေ ရယ်မည်ကြံ၏။ သို့ရာတွင် မရယ်ဝံ့။

"ဒါပေမယ့် ဒီမှာတော့ ကိုယ့်ကို နုငယ် မကြောက်ပေါင်၊ ဒီမှာ နုငယ်ကို ကိုယ်စ စကားပြောပေါ့၊ ဒီမှာ နုငယ်ကို အားလုံး ကစ စကားပြောကြတယ်"

"ဒီမှာ နုငယ်ကို အားလုံးက စ စကားပြောကြတယ်၊ ဘယ်သူတွေတုန်း နုငယ်"

နုငယ်က ရေအိုင်ဆီ လက်ညှိုးညွှန်ပြသည်။

ရေအိုင်တွင်း၌ လက်ပံပွင့်များသာ ရှိနေကြ၏။

နုနုငယ်က မြေပြင်မှ လက်ပံပွင့်တစ်ပွင့်ကို ကောက်ယူ ကိုင်သည်။

"သြော်. . . လက်ပံပွင့်လေးတွေနဲ့ နုငယ် စကားပြောသလား"

နုနုငယ်က ဘာမျှပြန်မဖြေ။ လက်တွင်းမှ လက်ပံပွင့်ကိုသာ ရေအိုင်ပေါ်သို့ ရွရွလေးကျအောင် ချလိုက်၏။

နုနုငယ်ကို နှင်းငွေ အံ့သြသွား၏။ ကျောင်း၌မူ အက္ခရာ သင်္ချာ တော်လွန်းသောကြောင့် နုနုငယ်ကို သူအံ့သြခဲ့ရသည်။ ယခုမူ စိတ်ကူးယဉ်လွန်းသူကလေးအဖြစ် အံ့သြရပြန်သည်။

"ဒါထက် ဟိုတစ်နေ့က နုငယ်တို့ အိမ်ပေါ်က ပီယာနိုသံ ကြားတယ်၊ ဘယ်သူတီးသလဲ၊ နုငယ် တီးသလား"

နုနုငယ်က မျက်မှောင်လေးတွန့်၍ သူ့ကို တစ်ချက်ကြည့်ပြီး ပြန်မေး၏။

"ကိုယ် ဘယ်က ကြားသလဲ"

"ဒီကပဲ ကြားတာပေါ့၊ အဲဒီနေ့က ကိုယ် ဒီခင်တန်းဆီ ရောက်ခဲ့သေးတယ်၊ နုငယ်ကို ကိုယ်ပြောပြပြီးပြီပဲ"

နုနုငယ်သည် တွေတွေလေး ငြိမ်နေပြီးမှ ညင်သာစွာ မေးသည်။

"ကိုယ် ပီယာနိုသံပဲ ကြားသလား၊ တခြား ဘာသံကြား သေးသလဲ"

နှင်းငွေ မသိမသာ တုန်လှုပ်သွားသည်။ ဟိုတစ်နေ့ ညနေ က နုနုငယ်တို့ခြံတွင်း သရက်ပင်ကြား၌ တွေ့ခဲ့ရသော ကြောက်မက်ဖွယ် မျက်နှာကြီးကို သွားသတိရ၏။ မျက်နှာကြီးထံမှ ထွက်လာသော အသံကိုလည်း အမှတ်ရမိ၏။

"နုငယ် ဘာမေးတာလဲ"

"ငိုသံကော ကြားသေးလားလို့ပါ"

"ဘာရယ် . . . ငိုသံ၊ ဟုတ်လား နုငယ်"

"ဟုတ်တယ်၊ နုငယ် ငိုသံလေ၊ ပီယာနိုတီးရင်းနုငယ်ငိုတာပဲ၊ ဘာလို့လဲဆိုတော့ ပီယာနိုကြီးကလဲ ငိုတာပဲလေ၊ သူက ဘယ်မှ မသွားနိုင်တဲ့ သတ္တဝါကြီးကိုး၊ သူ့လောက် မဆိုးပေမယ့် နုငယ် ကလဲ ဘယ်မှ မသွားနိုင်ဘဲကိုး"

နှင်းငွေက ကရုဏာသက်စွာနှင့် နုနုငယ်ကို မော့ကြည့် သည်။ နုနုငယ်ကမူ ရယ်ပြုံးနေ၏။

"စိတ်မဆိုးနဲ့နော် နုငယ်၊ နုငယ်တို့ဖေဖေက သိပ်ဆိုးသလား"

နုနုငယ် ငိုင်ကျသွား၏။ ထို့နောက် ဖြည်းလေးစွာ ဖြေသည်။

"သိပ်ဆိုးတယ်၊ သိပ်လဲ ကြောက်ဖို့ကောင်းတယ်၊ ဒါပေမယ့် နုငယ်ကို သူ သိပ်ချစ်ပါတယ်"

"နုငယ် မေမေကကော"

မေးမိပြီးမှ မိမိစကားမှားသွားကြောင်း နှင်းငွေသတိရသည်။ နုနုငယ်တို့ မေမေဆုံးခဲ့ပြီဖြစ်ကြောင်း ညွှန့်မေထံမှ သူသိခဲ့ပြီး ဖြစ်၏။

ဤအကြိမ်တွင်မူ နုနုငယ် အတန်ကြာစွာ ငိုင်နေ၏။ ခေါင်း လေးမော့လာ၍ ပြန်မေးချိန်တွင် မျက်လုံးများ၌ မျက်ရည်တို့ ပြည့်နေ၏။

"ကိုယ့်မှာ မေမေရှိသလား"

"ရှိပါတယ် နုငယ်"

"ကိုယ့်ကို ကိုယ့်မေမေက ချစ်သလား"

"သိပ်ချစ်တာပေါ့ နုငယ်၊ သိပ်လဲ အလိုလိုက်တယ်၊ ဘာဖြစ်လို့လဲ နုငယ်"

နုနုငယ်က ခေါင်းကို ဖြည်းလေးစွာခါသည်။

"နုငယ်မှာ မေမေ မရှိဘူး"

"သြော်" နှင်းငွေသည် ရေရွတ်လိုက်ပြီးနောက် အကြင်နာဆုံး လေသံနှင့်မေးသည်။

"နုငယ်တို့ မေမေက ဟို ဟိုဒင်း ဆုံးသွားပြီလား နုငယ်"

နုနုငယ်က မဲ့ပြုံးပြုံးပြီး ဖြေ၏။

"ဟင့်အင်း မဆုံးသေးပါဘူး၊ ဒါပေမယ့် မေမေက နုငယ်နဲ့လဲ မနေဘူး၊ ဖေဖေနဲ့လဲ မနေဘူး၊ သူက တခြားမှာ"

သူက တခြားမှာ။ ဤစကားကို ရေရွတ်လိုက်သော နုနုငယ် ၏ အသံကိုယ်နှိုက် ဝေးလံခြင်း အနက်အဓိပ္ပာယ်ကိုပြည့်ဝစွာ ဆောင်နေ၏။

သူ ငိုင်နေခိုက် နုနုငယ်က မေးသည်။

"ဘယ်နှနာရီ ထိုးပြီလဲ ကိုယ်"

နှင်းငွေက လက်ပတ်နာရီကို ငုံ့ကြည့်ပြီး ဖြေ၏။

"ငါးနာရီ ထိုးတော့မယ် နုငယ်"

"ဒါဖြင့် ဖေဖေ ပြန်လာခါနီးပြီ၊ နုငယ် ပြန်တော့မယ် ကိုယ်"

နုနုငယ်က နေရာမှ ထလိုက်၏။

သူက မတားမြစ်နိုင်၊ ပူတော့ ပူဆာမိ၏။

"ပြန်ချင်ပြန်တော့ နုငယ်၊ ဒါပေမယ့် ကျောင်းပိတ်မှ ဒီနေရာကို ကိုယ်လာတာ ငါးကြိမ်ရှိပြီ၊ နုငယ်နဲ့ အခုတစ်ကြိမ်ပဲ ဆုံမိတယ်၊ နုငယ်ကို ကိုယ် အမြဲတွေ့ချင်တယ်၊ ဘယ်တော့ လာရ ဦးမလဲ နုငယ်"

နုနုငယ်က မျက်လွှာပင့်၍ သူ့ကိုကြည့်သည်။

"ကိုယ်က ဘာလို့ လာမှာလဲ"

"သြော်. . . နုငယ်ရယ်၊ နုငယ်ကို တွေ့ချင်လို့ပေါ့၊ ကိုယ့်ကို နုငယ် မလာစေချင်ဘူးလား"

နုနုငယ် ငိုင်ကျသွားပြန်၏။ အတန်ကြာမှ မျက်နှာလေးက မော့လာပြီး ခေါင်းခါ၏။

"အို. . . ကိုယ့်ကို မလာစေချင်ဘူး၊ ဟုတ်လား နုငယ်"

နုနုငယ်က သူ့ကိုစိုက်ကြည့်နေ၏။

ဤမျက်လုံးများကမူ သိမ်မွေ့နေ၏။ ပျော့ပျောင်းနေ၏။ အားငယ်နေ၏။ ကြင်နာနေ၏။ ရွှန်းလဲ့ရီ တစ်ဖုံ၊ ညှိုးမှိန်အံ့တစ်ချီ ရှိ၏။

နုနုငယ်သည် ရယ်ခြင်းနှင့် သက်ပြင်းရောလျက် ဆို၏။

"လာစေချင်ပါတယ် ကိုယ်ရယ်၊ ဒါပေမယ့် နုငယ်နဲ့ တွေ့တာ ကိုယ် ကံဆိုးတာပဲ"

"ဘာပြောလိုက်တယ် နုငယ်"

"ကိုယ် မြန်မာစကား မတတ်ပြန်ဘူးလား၊ နုငယ်နဲ့ တွေ့တာ၊ ကိုယ် ကံဆိုးတာပဲလို့"

သူက ဝင့်ကြွားစွာ ပြုံးလိုက်သည်။

"ကိုယ်ကတော့ ကံကောင်းတယ်လို့ပဲ ထင်နေတယ်"

နုနုငယ်ကလည်း ဘာကို သဘောကျသည် မသိ၊ လှိုက်လှဲစွာ ရယ်သည်။

"ကိုယ့်ဘာသာ ကိုယ်ထင်လေ"

နုနုငယ် ရယ်လေသောကြောင့် သူကလည်း လိုက်ရယ် သည်။

"ကဲ. . . နုငယ် သွားတော့မယ် ကိုယ်"

"နေဦးလေ ခဏ"

"ဘာလို့ နေဦး ခဏလဲ"

ယုန်ဖြူမလေးက သဘောကောင်းနေ၏။ ထိုအခါ သောနုတ္တိုရ် ကလေးကလည်း ရဲဝံ့လာသည်။

"ကိုယ် ဘယ်တော့လာရဦးမလဲ"

"ကိုယ်လာချင်တဲ့အချိန် လာပေါ့"

"ကိုယ်လာရင် နုငယ် လာတွေ့မလား"

"ကိုယ်ပြောသလို ကိုယ်ကံကောင်းရင် နုငယ်နဲ့ တွေ့ရမှာ ပေါ့"

"ကိုယ် ကံကောင်းဖို့က နုငယ်အပေါ် တည်နေတာပဲ"

နုနုငယ်၏ ကိုယ်လေးတောင့်သွားသည်။ မျက်နှာလေး လည်း တည်သွားသည်။ အသံမမာ့တမာနှင့် ဆို၏။

"ကိုယ်သိပ်ဝိတာပဲ၊ သိပ်လဲ တစ်ကိုယ်ကောင်းဆန်တာပဲ၊ ဒီနေရာကို နုငယ် လာချင်တိုင်းလာလို့ရတယ်လို့ ကိုယ်ထင် သလား၊ ဒီလိုဆို ပီယာနိုကြီးနဲ့ ပြိုင်ပြီး နုငယ်က ဘာလို့ငိုနေရမလဲ၊ ကိုယ် ဒါကို သိရဲ့လား"

စကားဆုံးချိန်၌ နုနုငယ်၏အသံမှာ တုန်ယင်နေ၏။ မျက်နှာလေးမှာလည်း ငိုတော့မည်ရှိသည်။

နှင်းငွေသည် နုနုငယ်ကို အံ့သြစွာစိုက်ကြည့်နေမိသည်။ အံ့သြရာမှ စိတ်မကောင်းလည်း ဖြစ်သွား၏။

နှင်းငွေက ဝမ်းနည်းစွာ ပြော၏။ ဝမ်းနည်းစွာ ပြောသော် လည်း သူ့အသံ၌ ဝမ်းနည်းမှုပါမသွားရန် သတိထား၏။

"ကိုယ် တောင်းပန်ပါတယ် နုငယ်၊ ဟုတ်တယ်လေ ကိုယ်က နည်းနည်း တစ်ကိုယ်ကောင်းဆန်သွားတယ်၊ အမှန်က နုငယ်ကို ခင်လွန်းလို့ ကိုယ်တွေ့ချင်တာနဲ့ ပြောမိတာပါ၊ နုငယ်ဘက်က ကိုယ် မတွေးမိဘူး၊ ကိုယ်မှားပါတယ် နုငယ်၊ ကိုယ့်အတွက် ဘယ်လိုမှ နုငယ် စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး၊ ကျေနပ်ပြီလား နုငယ်"

နုနုငယ် အံ့ကြိတ်လိုက်သည်ကို သတိပြုမိ၏။ ဝိုင်းလည်နေ သော မျက်လုံးများမှ မျက်ရည်ပေါက်များ လိမ့်ဆင်းလာသည်ကို လည်း မြင်ရ၏။

ချာခနဲ သူ့ကို ကျောခိုင်းလျက် နုနုငယ်သည် အိမ်ကြီးဆီသို့ ပြန်ပြေးသွားသည်။

နုနုငယ် ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်ရင်း သူ က ခေါင်းခါကျန်ရစ်၏။ နားမလည်ပါ၊ နုနုငယ်ကို သူနားမလည် ပါ။

ခင်တန်းအတိုင်း ဖြည်းညင်းစွာ သူ လျှောက်ပြန်လာခဲ့၏။

သတိထားမိသည်မှာ အတော်ပင်တည်း။

ရွာဘက်မှ မြင်းလှည်းသည် အပြေးပြန်လာနေ၏။

(ဆက်လက်ဖော်ပြပါမည်။)

> **"ကိုယ် တောင်းပန်ပါတယ် နုငယ်၊ ဟုတ်တယ်လေ ကိုယ်က နည်းနည်း တစ်ကိုယ်ကောင်းဆန်သွားတယ်၊ အမှန်က နုငယ်ကို ခင်လွန်းလို့ ကိုယ်တွေ့ချင်တာနဲ့ ပြောမိတာပါ၊ နုငယ်ဘက်က ကိုယ် မတွေးမိဘူး၊ ကိုယ်မှားပါတယ် နုငယ်၊ ကိုယ့်အတွက် ဘယ်လိုမှ နုငယ် စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး၊ ကျေနပ်ပြီလား နုငယ်"**

(၄၈)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်ဖေဖေ **ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး**(ပြည်သူ့လွှတ်တော်)နှင့် ချစ်မေမေ **ဒေါ်အေးအေးမြင့်**တို့၏ ၁-၁-၂၀၁၃ ရက်တွင် ကျရောက်သော(၄၈)နှစ်ပြည့် မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်စွာသော သားသမီး၊ မြေးများ နှင့် ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ အမျိုးဘာသာ၊ သာသနာအကျိုး၊ သယ်ပိုးနိုင် ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ

ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်အောင်(ငြိမ်း)ပို့ဆောင်ရေး၊ ဒေါ်စန္ဒာဦး၊
ဒေါက်တာဥမ္မာဦး(ရန်ကုန်တက္ကသိုလ်)
ဦးနေလင်းဦး၊ ကုလသမဂ္ဂ(ESCAP)၊ ဒေါ်ဖြူသွယ်မော်

ချစ်မြေးကလေး - ဖွဲ့စည်သူဦး

အမြန်ရောင်းမည်(ပွဲစားမလို)

၁၅ ပေ ခုံးတံတားအောက်
နော်မံဘုန်းကြီးကျောင်းတိုက်နောက်လမ်း
ပေ(၂၀×၆၀)အကျယ်၊ အကွက်အမှတ်(၁၀)
ဂေါသကလမ်းနှင့် ဒေါနလမ်းထောင့်
နှစ်(၆၀)ဂရန်၊ မင်္ဂလာတောင်ညွန့်
သိန်း ၂၀၀၀ ကျပ် (ညှိနှိုင်းဈေး)

ဖုန်း-၀၉၇၃၁၆၆၁၀၀၊ ၀၉၄၂၀၂၈၇၂၂၆

မြေကြီး+အုတ်ကျိုး

စွန့်ပစ်ရန်(ချရန်)နေရာပေးမည်။
လှိုင်မြို့နယ်။

ဖုန်း-၀၉-၅၅၀၀၅၅၂

တပ်မတော်နည်းပညာတက္ကသိုလ်

ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

တပ်မတော်နည်းပညာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိကြီးများနှင့် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်းအရာရှိများ မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် အခမ်းအနားသို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၁၉-၁-၂၀၁၃ ရက် (စနေနေ့)
အချိန် ။ ။ ၁၈း၀၀ နာရီ
နေရာ ။ ။ သင်္ဂဟဟိုတယ်၊ နေပြည်တော်

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ဖြစ်မြောက်ရေးကော်မတီ

၁။ ဗိုလ်မှူးစိန်မြင့်(ငြိမ်း)	ဖုန်း-၀၉-၅၀၆၉၁၁၃	၂။ ဗိုလ်ကြီးဘုန်းလင်းကြိုင်(ငြိမ်း)	ဖုန်း-၀၉-၄၄၄၀၂၂၁၀၃
၃။ ဗိုလ်ကြီးအောင်စိုးရ(ငြိမ်း)	ဖုန်း-၀၉-၅၀၆၈၉၆၀	၄။ ဗိုလ်ကြီးအောင်ကိုထိုက်(ငြိမ်း)	ဖုန်း-၀၉-၄၉၂၃၄၂၆၄
၅။ ဗိုလ်ကြီးငြိမ်းထက်သူ(ငြိမ်း)	ဖုန်း-၀၉-၄၉၂၃၉၁၄၄	၆။ ဗိုလ်ကြီးအောင်ကိုလတ်(ငြိမ်း)	ဖုန်း-၀၉-၄၀၁၅၅၆၀၅၆
၇။ ဗိုလ်ကြီးမိုးသူ	ဖုန်း-၀၉-၄၂၀၇၀၆၀၄၁	၈။ ဗိုလ်ကြီးရဲသွေး(ငြိမ်း)	ဖုန်း-၀၉-၂၄၀၀၃၂၇
၉။ ဗိုလ်ကြီးမင်းသုကျော်	ဖုန်း-၀၉-၂၀၃၇၆၈၂	၁၀။ ဗိုလ်ကြီးထက်အောင်	ဖုန်း-၀၉-၅၃၆၀၆၈၈

အခမ်းအနားသို့ အမှန်တကယ် တက်ရောက်နိုင်မည့် ကျောင်းဆင်းအရာရှိများ နာမည်စာရင်း ကြိုတင်ပေးပို့ပါရန်။

Happy New Year - 2013

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

KMO Classic Transportation Service နှင့်အတူ ခရီးသွားကြသော ခရီးသွားများအားလုံး၊ အကျိုးတူ ပူးပေါင်းလုပ်ကိုင်နေကြသော အဆင့်မြင့်ခရီးသွားကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအားလုံး ဤနှစ်သစ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပြီး လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း **KMO** မိသားစုမှ နှစ်သစ်မင်္ဂလာ ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

ခရီးသွားများအား အစဉ်လေးစားလျက်
KMO မိသားစု
အဆင့်မြင့် ကားစီးငှားလုပ်ငန်း
Classic Transportation Service
Ph : 09 5380409, 09 5192878, 09 49317215

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
ဘိလပ်မြေစက်ရုံများအတွက် ဂေါ်ဒန်ကျောက်သယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်)၊ အမှတ်(၃၂)အကြီးစားစက်ရုံ (ကြံခင်း)နှင့် အမှတ်(၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်)တို့အတွက် လိုအပ်သော ဂေါ်ဒန်ကျောက်များအား သီပေါမိုင်းဝမှ အဆိုပါစက်ရုံများသို့ သယ်ယူရေးလုပ်ငန်းအတွက် တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
တင်ဒါပိတ်မည့်ရက် - ၁၁-၁-၂၀၁၃ ရက်

၂။ သတ်မှတ်တင်ဒါပုံစံများကို ရုံးချိန်အတွင်း လာရောက်ရယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်၊ ရုံးအမှတ်(၄၁)၊ ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၄၀၈၂၀၈

Car Rental
လချုပ်၊ခရီးစဉ်
ကားမျိုးစုံငှားရမ်း
နိုင်ပါသည်။
ယာဉ်ပိုင်ရှင်များ
လည်းဆက်သွယ်ပါ။
09 4200 56185, 73135 452

ကျိုက်ထီးရိုး (နေ့စဉ်)
OASIS
ချောင်းသာ (နေ့စဉ်)
အိမ်အရောက်လက်မှတ်ပို့ ဝန်ဆောင်မှု
09 503 8616, 09 5012452, 09 7310 3031

MHR

Developing **People** . Shaping **Future**

HUMAN RESOURCES INSTITUTE

၂၀၁၃ နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်လွှာ

MHR တွင် မေတ္တာစေတနာအပြည့်ဖြင့် သင်ကြားပို့ချလျက်ရှိသော အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်း၊ အငြိမ်းစားကထိက ဆရာကြီးဦးသိန်းအောင်၊ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာမကြီးဒေါ်လှမြင့်၊ အငြိမ်းစားဒုတိယပါမောက္ခချုပ် ဆရာကြီးဦးလှမင်း တို့ဦးဆောင်သော ဆရာ/ဆရာမများ၊ MHR ၏ Clients များဖြစ်ကြသည့်ကုမ္ပဏီများမှ ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ များမှလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၊ MDRI/CSIS ၏ Postgraduate Certificate in Peace Democracy and Development သင်တန်းအပတ်စဉ် (၁) နှင့် အပတ်စဉ် (၂)မှ ဆရာ/ဆရာမများ သင်တန်းဆင်းကျောင်းသား/ကျောင်းသူများ ၊ MHR ၏ ကျောင်းသား/ကျောင်းသူများကမ္ဘာ့နိုင်ငံအသီးသီးသို့ ဘွဲ့လွန်ပညာရပ်များဆက်လက်ဆည်းပူးရာတွင် ပညာသင်ဆုများရရှိအောင် အထူးကြိုးစားစီစဉ်ပေးသော ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းနှင့်တကွ Crown Education မှ အဖွဲ့သားများ၊ ဖိတ်ကြားသမျှ အခမ်းအနားတိုင်းကို မပျက်မကွက်တက်ရောက်ကြပြီး မှတ်တမ်းတင်သတင်းများ ရိုက်ကူးထုတ်လွှင့်ပေးကြသော ဦးမျိုးမြတ်သူ၊ ဦးနိုင်သန်းနှင့် MRTV 4 အဖွဲ့သားများ၊ Sky Net အဖွဲ့သားများ၊ မြဝတီအဖွဲ့သားများ၊ကြော်ငြာဆိုင်ရာကိစ္စများတွင်မညည်းမညူစိတ်ရှည်သည်းခံစွာဆောင်ရွက်ပေးပြီး ဖိတ်ကြားသမျှ အခမ်းအနားတိုင်းကို မပျက်မကွက်တက်ရောက်သတင်းယူခဲ့ကြသော People မဂ္ဂဇင်း၊ ကြော်ငြာလမ်းညွှန်မဂ္ဂဇင်း၊ မြန်မာ့နေမဂ္ဂဇင်း၊ Faces မဂ္ဂဇင်း၊ မြင်ကွင်း မဂ္ဂဇင်း၊ Life Style မဂ္ဂဇင်း၊ CEO မဂ္ဂဇင်း၊ Fashion Image မဂ္ဂဇင်း၊ Idea မဂ္ဂဇင်း၊ The Myanmar Times၊ The Yangon Times ဂျာနယ်၊ Weekly Eleven ဂျာနယ်၊ Flower News ဂျာနယ်၊ The Voice ဂျာနယ်၊ မော်ဒန်ဂျာနယ်၊ Internet ဂျာနယ်၊ 7 Days ဂျာနယ်၊ လျှပ်တပြက်ဂျာနယ်၊ HR ဂျာနယ်၊ အခွင့်အလမ်းဂျာနယ်၊ 8 Days ဂျာနယ်၊ The Wall Street ဂျာနယ်၊ Yellow Pages, Myanmar Industrial & Commmercial Directory, Education Directory များမှ အယ်ဒီတာချုပ်များ၊ ဒုတိယအယ်ဒီတာချုပ်များ၊ တာဝန်ခံအယ်ဒီတာများနှင့် အယ်ဒီတာများ၊ သတင်းထောက်များ၊ ကြော်ငြာအဖွဲ့သားများ၊Perfect Image၊ လူထုမေတ္တာ မိတ္တူ၊ ဇော်မိတ္တူ၊ Royal Express၊ Crystal Image၊ Stars Empire အဖွဲ့သားများ၊ UMFCCI နှင့် CIESF (Cambodia) အဖွဲ့တို့ ပူးပေါင်းစစ်ဆေးသော ဒုတိယအကြိမ်မြောက် National Level Business Plan (2012) ပြိုင်ပွဲတွင်လည်းကောင်း၊ Mulodo (Japan) နှင့် Success Language Centre တို့ပူးပေါင်းကျင်းပသော Business Plan ပြိုင်ပွဲတွင်လည်းကောင်း ပထမဆုများရရှိသော MHR ၏ ABE Graduate Diploma in Businesss Management အတန်းမှ ကိုနေလင်းအောင်၊ ကိုစိုးမိုးဦး၊ မသန့်သဇင်၊ European Union နှင့် SPA တို့ပူးပေါင်းကျင်းပသော Project Hub Yangon Start Up Cup ပြိုင်ပွဲတွင် ပထမဆုရရှိကြသော MHR ၏ ABE Higher Diploma in Businesss Management Part II အတန်းမှ မဇင်ဇင်နိုင်၊ မအေးအေးချို၊ မငုဝါအောင်၊ မောင်စွမ်းထက်နောင်၊ အထူးဆုရရှိကြသော ကိုအောင်ပြည့်စုံ၊ ကိုမင်းသိန်းကျော် ၊ ကိုကောင်းအိန်စိုး၊ ကိုဟိန်းစိုးလှိုင်၊ မနန်းဇာရည်လွင်၊ မဝတီမိုးစက်၊ MHR ၏ ABE သင်တန်းသား/သင်တန်းသူများကို စိတ်ရှည်သည်းခံစွာ လိုအပ်သမျှ မညည်းမညူကူညီဆောင်ရွက်ပေးကြသော British Council မှ မန်နေဂျာဒေါ်တင်ဝင်းကြည် ဦးဆောင်သော Exam Unit အဖွဲ့သားများ ၊ ကမ္ဘာ့အမှတ်အများဆုံးဆုရှင်(၂၉)ဦး ၊ ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များနှစ်စဉ်ပေါ်ထွက်လာအောင် အထောက်အကူ ပေးကြသော Course Manager များ၊ Study Guide များ၊ MHR ၏ သင်တန်းအသီးသီးတွင် တက်ရောက်ခဲ့ကြသောသင်တန်းဆင်းများ၊ လက်ရှိတက်ရောက်လျက်ရှိသော သင်တန်းသား/သင်တန်းသူများနှင့် မြန်မာပြည်သူပြည်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ယခုထက်ပို၍ ထူးချွန်ထက်မြက်အောင်မြင်ကြီးပွားကြပါစေကြောင်း MHR မိသားစုမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

(ABE, UK) International Qualifications (6 months)

1. Business Management Diploma
2. Human Resource Management Diploma
3. Financial Management Diploma
4. Marketing Diploma
5. Travel, Tourism & Hospitality Diploma

Public Training Courses (4 / 6 weeks Part Time)

1. Financial Management
2. Marketing Management
3. Human Resource Management
4. Key Account Management
5. Selling & Sales Management
6. Office Management

and many more ...

Corporate Training Courses (2/3 full days)

1. Leadership Skills
2. Team Building Skills
3. Communication Skills
4. Negotiation Skills
5. Presentation Skills

7. Managing Time
8. Managing Conflict
9. Managing Change
10. Managing Crisis
11. Managing Risk

and many more ...

Management Consultancy Services

1. Development of Rules, Regulation, SOP etc.
2. Development of Corporate Strategy
3. Development of Employee Handbook, Manuals etc.
4. Development of Organisation Structures
5. Development of Job Description, Job Specification
6. HR Department Setup, HR Audit

and many more ...

abe accredited college since 1998

MHR : Room 905, 9th Floor, Thanzay Condo, Lanmadaw Street, Yangon. 395802, 216168, 707822, 095045551

MHR Centre II (LCCI & ACCA) : No. 35, Maupin Street, Sanchaung Township., 09 50 69915, 09 732 23777

MHR Centre III (Practical Accounting & Auditing) Building No. 9, Room 3(B), U Tun Lin Chan St, Heldan. 709836

MHR Centre IV (LCCI & ABE) : No. FC 31/32, 2nd Floor, Great Wall Shopping Centre, Mandalay. 09 91012932

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၉၂)-ခုမြောက်

မိတ္ထီလာဘဏ်ခွဲ (၂) ကို

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင်

၁.၁.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

မိတ္ထီလာဘဏ်ခွဲ (၂)

အမှတ်-(၁၀၄)၊ တံတားဦးလမ်း၊ ပန်းတိမ်တန်းရပ်

မြို့မ(၄)ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း - (၀၆၄) ၂၅၈၉၁၊ ၂၅၈၉၂

ဖက်စ် - (၀၆၄) ၂၃၈၇၉၊ ၂၄၆၄၂

www.kbzbank.com

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင့်ထိန်းသိမ်းမှုသင်တန်းသားများခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ နေပြည်တော်ကောင်စီတွင် ဖွင့်လှစ်မည့် ရိတ်သိမ်းခြွေလှေ့စက်(Combine Harvester) မောင်းနှင်ထိန်းသိမ်းမှုသင်တန်းအား တက်ရောက်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
- (ခ) အနိမ့်ဆုံးပညာအရည်အချင်းမှာ(၈)တန်းဖြစ်ရမည်။
- (ဂ) နေပြည်တော်ကောင်စီနယ်မြေအတွင်း နေထိုင်သူဖြစ်ရမည်။

၃။ သင်တန်းသားဦးရေ(၅၀)ဦးဖြစ်၍ သင်တန်းကာလမှာ(၂)လကြာမြင့်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းတွင် သင်တန်းအား စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း နေထိုင်စားသောက်စရိတ်နှင့် သင်တန်းစရိတ်များကို ဌာနမှ ကျခံပေးမည်ဖြစ်ပါသည်။

၅။ သင်တန်းပြီးဆုံးပါက စက်မောင်း(၅)အဆင့်ရှိ Combine Harvester ကျွမ်းကျင်ဝန်ထမ်းအဖြစ် စက်မှုလယ်ယာဦးစီးဌာနတွင် ခန့်ထားပေးမည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး ကွင်းဆင်းဆောင်ရွက်ရာတွင် ဝန်ထမ်းလစာအပြင် အပိုဆောင်းလုပ်အားခအဖြစ် တစ်ဧကလျှင် ကျပ်(၂၀၀၀)နှုန်း ခံစားခွင့်ရရှိမည် ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်အတူ-
- (က) သက်ဆိုင်ရာ မြို့နယ်ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်။
- (ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။
- (ဂ) ပညာအရည်အချင်း ထောက်ခံချက်များအား ပူးတွဲတင်ပြရမည်။

၇။ လျှောက်လွှာများကို ၂၉-၁-၂၀၁၃ ရက် နောက်ဆုံးထား၍ အောက်ပါနေရာများတွင် လျှောက်ထားနိုင်ပါသည်။
- (က) စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၅၀)၊ နေပြည်တော်
- (ခ) ခရိုင်ဦးစီးမှူးရုံး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့။
- (ဂ) မြို့နယ်ဦးစီးမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ ပျဉ်းမနားမြို့။
- (ဃ) မြို့နယ်ဦးစီးမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ဝေးမြို့။
- (င) မြို့နယ်ဦးစီးမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ တပ်ကုန်းမြို့။

(တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းတက်ရောက်လိုသူများအား အလားတူသင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။)

၈။ အသေးစိတ်သိရှိလိုသည့်အချက်များရှိပါက စက်မှုလယ်ယာဦးစီးဌာန၊ ရုံးချုပ်၊ စီမံကိန်းဌာနခွဲ၊ ဖုန်းအမှတ်-၀၆၇-၄၃၁၂၄၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စက်မှုလယ်ယာဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စန်းစန်း (ကျောက္ကာရှွာ)
အသက်(၇၄)နှစ်

ဦးအောင်သောင်း(ဝန်ကြီး-ငြိမ်း)-ဒေါ်ခင်ခင်ရီတို့၏ညီမ၊ ဒေါ်စန်းစန်း(ကျောက္ကာရှွာ)သည် ၂၅-၁၂-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန

ကျေးဇူးတင်လွှာ

၂၄-၁၂-၂၀၁၂ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ဦးစောဂျင်မီ (ကွယ်လွန်)(မြန်မာ့မီးရထား)၏ဇနီး၊ နော်ထဲနိ(စ်)(တုံးတုံး)၊ နော်ဆဲဂေး(ပြုံးပြုံး)-စောကျော်မျိုး၊ နော်ဘွေခူ(ခ)Snow(မိတ်ဆွေမြန်မာM.F.F)-စောထူးသောတို့၏မိခင်၊ စောဖရေစ်တော၊ စောဆာသောထူးတို့၏အဘွား နော်စန်းမြင့်(Tulip)၏ ဈာပနကိစ္စအဝဝနှင့် ၂၆-၁၂-၂၀၁၂ရက် မြေသို့အပ်နှံခြင်းအစီအစဉ်၊ သုခကမ္ဘာဆေးရုံ၌ ဆေးကုသမှုခံယူချိန်တွင် ကြည့်ရှုကုသပေးသော ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအားလုံး၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ e.mail၊ Fax၊ တယ်လီဖုန်းအားဖြင့်ဖြစ်စေ သတင်းမေးမေတ္တာပြကြသူများ၊ အသင်းတော်အသီးသီးမှ ဆရာတော်များ၊ သာသနာနှင့် လူမှုရေးလုပ်ငန်းအဖွဲ့အစည်းများ၊ ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ဆောင်ဖက်များအားလုံးကို ခရစ်တော်၏နာမတော်၌ အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

အယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၁၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၆၇၄ / ၆၇၅ / ၆၇၆

စရီသန်ဒါယူသပါဏီဘုရားကျောင်းဂေါပကအဖွဲ့
(၎င်းအတွက်တာဝန်ပေးအပ်ခြင်းခံရသူ ဦးဇော်မင်း) **အယူခံတရားလို**

ဦးစိန်သောင်း ပါ၈ — နှင့်

ဒေါ်ခင်ထွေး ပါ၈

ဦးရာမဆာမိ ပါ၈ **အယူခံတရားပြိုင်များ**

၂၀၁၂ခုနှစ်၊ ဩဂုတ်လ၃ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမပထမအယူခံမှုအမှတ်-၃/ ၂၀၁၁၊ ၄/ ၂၀၁၁ နှင့် ၅/ ၂၀၁၁တို့၏ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ အယူခံတရားပြိုင် (၂)(၃)(၄) ဒေါ်နာဂမား၊ ဦးမောင်ချစ်၊ ဦးငယ်လေး၊ နှင်းပန်းလမ်း၊ ဂန္ဓမာလမ်း၊ ၅ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေသူများ)သိစေရမည်။ ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးလှစိုးကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၈ရက် နံနက် ၁၀နာရီတွင် ဤရုံးကချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ
အေးအေးသန်း(လက်ထောက်ညွှန်ကြားရေးမှူး)
တရားမတရားစီရင်ရေးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မမစိုး
တွဲဖက်ပါမောက္ခနှင့်ကထိက(ငြိမ်း)
လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ ရန်ကုန်စက်မှုတက္ကသိုလ်

ညဘက် အဆောင်မှာ ကျောင်းစာများလေ့လာနေစဉ် ညီမများကို ဟာသမျိုးစုံ သရုပ်ပြပြီး ပျော်ရွှင်စေခဲ့သော မမစိုး ကျောင်းသူများ ပျော်ရွှင်ရယ်မောသံ ဆူညံ၍ လာရောက်စစ်ဆေးကြည့်ရှုသော အဆောင်မှူးအား ညီမလေးတွေ စာတွေပိပြီး မပျော်နိုင်လို့ ပျော်ရွှင်စေချင်လို့ ရယ်မောစရာ ဟာသလေးတွေ လုပ်ပြနေတာပါမမရယ် ခွင့်လွှတ်ပေးပါလို့ ကာကွယ်ပြောပေးတတ်သော မမစိုး ညီမတို့နှင့် ထာဝရခွဲခွာသွားလို့ မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၂မှ ၁၉၈၅ခုနှစ်အတွင်း G.Hallအဆောင်ကျောင်းသူဟောင်းများ

ကိုဖြိုးဝေအောင်(ခ)ကိုဖြိုး(BA.Eng)
အသက်(၂၉)နှစ်
မုံရွာမြို့

(၁-၁-၂၀၁၁) (၁-၁-၂၀၁၃) အဖေမရှိတော့ပေမယ့် အမေ့အနားမှာ သားအမြဲရှိနေမှာပါ။ အားမငယ်ပါနဲ့လို့ပြောတဲ့ သားကြီးရယ် အခုတော့ အမေ့ဘဝထဲကနေ ခွဲထွက်သွားတာ ဒီနေ့ဆို (၂)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ အမေ့ရင်ထဲ သားအမြဲရှိနေဆဲပါ။ ဖေကြီးနှင့်သားကြီးကို ရည်စူး၍ ပြုလုပ်သော နေ့စဉ်၊ လစဉ်နှင့် ယနေ့ (၂)နှစ်ပြည့် ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှ အမျှ အမျှ ပေးဝေခြင်းကို ထိတွေ့၊ မြင်သိ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ။

သားကြီးရေ . . .

မေမေ - ဒေါ်နွဲ့နွဲ့အောင်
ညီလေး - တိုးဝေအောင်

---

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း
အာကာလင်း(ခ)စိုးမင်းသူ
တတိယနှစ်(ဥပဒေ)ရတနာပုံတက္ကသိုလ်
အသက်(၂၄)နှစ်

၃၀-၁၂-၂၀၁၂ရက် ဒီနေ့ဆိုရင် (၁)လပြည့်ခဲ့ပါပြီ။ အချိန်နှင့်အမျှ ရင်နင့်အောင် ကြေကွဲခံစားရဆဲပါ။ ပြုသမျှကောင်းမှုကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ မြင့်မြတ်အေးချမ်းသာယာတဲ့ ဘုံဘဝမှာ စံစား၍ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ။ သားလေး ကောင်းရာသုဂတိလားပါစေ-

ဖေဖေ၊ မေမေ- ဦးဇော်လင်းအောင်-ဒေါ်ခင်ခင်ဦး
(လင်းခန့်ကျော်မိုဘိုင်း)

ဝမ်းနည်းကြေကွဲခြင်း
အလ်ဟာဂျ် ဦးထွန်းအောင်ကျော်(ခ)
အလ်ဟာဂျ်ဦးမူဆာ (E.E)
အသက်(၅၉)နှစ်
AGTI(E.P)၊ 1978(အင်းစိန်)
(ကထိက)၊ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာဌာန
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

အင်းစိန်၊ စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန)၊ ကျောင်းသားဟောင်း၊ အလ်ဟာဂျ် ဦးထွန်းအောင်ကျော်(ခ)အလ်ဟာဂျ် ဦးမူဆာသည် ၂၇-၁၂-၂၀၁၂ရက် နံနက် ၆ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်းစိန်၊ စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန)
ကျောင်းသား၊ ကျောင်းသူဟောင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစန်းမောင် (၆၅)နှစ်
ဘူမိဗေဒအရာရှိ(ငြိမ်း)ဘူမိဗေဒနှင့်ဓာတ်သတ္တုရှာဖွေရေး

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉/ဘီ)၊ ပါရမီလမ်းနေ ဒေါ်ဝင်းမေ(ဘူမိဗေဒအရာရှိငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးစန်းမောင်သည် ၂၈-၁၂-၂၀၁၂ရက်(သောကြာနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန်နေဂျင်းဒါရိုက်တာနှင့်
လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ ဘူမိဗေဒညီအစ်ကိုများ
24 Hour Mining & Industry Co.Ltd

အထူးဝမ်းနည်းကြေကွဲခြင်း
ရဲမှူးခင်မောင်ငွေး (ငြိမ်း) (၆၂) နှစ်
သူရ (၇) ဖောင်ကြီး

သူငယ်ချင်း ရဲမှူးခင်မောင်ငွေး (ငြိမ်း) သည် ၂၈ -၁၂-၂၀၁၂ နေ့တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

သူရ (၇) (ဖောင်ကြီး) သင်တန်းဆင်း
အရာရှိများနှင့်မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာမွတ်စလင်(မ်)လူငယ်များ(ဘာသာရေး)အဖွဲ့ မ.မ.လ ဌာနချုပ် နာယကကြီး ဦးတင်မြ၏ ချစ်လှစွာသောဇနီး ရစူးဘီ (ခ) ဒေါ်မြရှင်သည် ၂၈.၁၂.၂၀၁၂ (သောကြာ)နေ့တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့ မ.မ.လ.ဌာနချုပ်

ဝမ်းနည်းကြေကွဲခြင်း
ဦးစန်းမောင် (အောင်လံ-မိတ္ထီလာ)
အသက်(၇၇)နှစ်
ဆက်သွယ်ရေးအင်ဂျင်နီယာ(ငြိမ်း)

မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်ကွက်နေ ဒေါ်မြင့်မြင့်ဝေ၏ချစ်ခင်ပွန်း၊ မိတ္ထီလာမြို့နေ ဦးခင်မောင်စန်း-ဒေါ်စီစီလွင်၊ ဦးအောင်မြင့်စန်း-ဒေါ်သန္တာသက်၊ ရန်ကုန်မြို့နေ ဦးစည်သူဝင်း-ဒေါ်ဇင်မာစန်း၊ ဦးသန့်ဇင်-ဒေါ်သူဇာစန်း၊ Australia နိုင်ငံ Sydney မြို့နေ ကိုဇော်ထူးအောင်၊ ကိုအောင်ကိုစန်း-Angela Tayတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးစန်းမောင်သည် ၂၈-၁၂-၂၀၁၂ ရက် ည ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဦးမောင်မောင်ဇင်(ခ)Victor-ဒေါ်တင်တင်ဝင်း
FUJI ALUMINIUM မိသားစု
မိတ္ထီလာမြို့

Dr. နေဝင်းမောင် (အောင်ထွဋ်)
၃၀-၆-၁၉၆၂ - ၁-၁-၂၀၁၂
တစ်နှစ်ပြည့်အလွမ်း

